# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂါဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဂါဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၃၀)


## ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့်လည်း MSME လုပ်ငန်းများအောင်မြင်ရေးကို အလေးထားဆောင်ရွက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခါသမယမှစ၍ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံးနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်း ဖြစ်ပါသည်။ ရှမ်းမျိုးနွယ်စုများဖြစ်သော ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဝ၊ ဓနု၊ ကိုးကန့်၊ လားဟူ၊ အာခါ၊ အင်းသား စသည့်ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကယား၊ လီဆူးစသည့်တိုင်းရင်းသားများစွာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံတို့ဖြင့် ကာလရှည်ကြာ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ စုပေါင်းနေထိုင်လျက်ရှိသော တောတောင်ရေမြေ သဘာဝအလှအပများနှင့် ပြည့်စုံသည့်ပြည်နယ်ဖြစ်ပါသည်။

သဘာဝရာသီဥတု သင့်တင့်မျှတပြီး ခရီးသွားတောင်ပေါ် အပန်းဖြေ မြို့များ တည်ရှိလျက်ရှိသော သာယာလှပသည့် ပြည်နယ်ကြီးလည်း ဖြစ်ပါသည်။ ထို့အပြင် ကျောက်ခေတ်ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့် ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြယဉ်ကျေးမှုထွန်းကားခြင်းနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ စုံလင်စွာနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်မှ သာယာပြည့်စုံသည့် ပြည်နယ်ဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာခဲ့ခြင်းမှာ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့် သမိုင်းနှင့် ဆက်စပ်လျက်ရှိပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား မဖြစ်မနေ လွတ်လပ်ရေးပေးရလျှင်သော်မှ တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြိုးစားခဲ့ကြသည်။

ဗြိတိသျှတို့သည် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လန်ဒန်သို့ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါတွင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက တောင်းဆိုခဲ့ပါသည်။ ရှမ်းပြည်ပဒေသရာဇ်ကောင်စီ၏ အမှုဆောင်ကောင်စီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ကန့်ကွက်ခဲ့သော်လည်း ရှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ


စာမျက်နှာ ၃ ကော်လံ ၁ *


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းလေးကန်တွင် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပ

ညောင်ရွှေ ဖေဖော်ဝါရီ ၆

(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ယမန်နေ့က ညောင်ရွှေမြို့နယ် အင်းလေးကန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊


စာမျက်နှာ ၄ ကော်လံ ၁ ❂


**ယနေ့ ဖတ်စရာ**

**တရုတ်သို့ သစ်သီးတင်ပို့ရာတွင် ဈေးအနည်းငယ်ကျနေသော်လည်း ဆက်လက်တင်ပို့နေ**


ပြည်တွင်းသတင်း စာ ၄


---

**ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Land Mark) ဖြစ်လာမည့် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း**


ဆောင်းပါး စာ ၁၀




မြန်မာ့အလင်း

## ဒီမိုကရေစီရှေ့ခရီးအတွက် တည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေတည်ဆောက်

(၁) စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် (၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်ဖွဲ့စည်းစဉ်ကပင် ချမှတ်ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့သည် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒဖြစ်သည်နှင့်အညီ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုလျင်မြန်စွာ ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးလိုလားသည့် ဒီမိုကရေစီစနစ်ကို ခိုင်မာစွာလျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ မဖြစ်မနေ လိုအပ်သော်လည်း လက်ရှိအခြေအနေတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသအချို့၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိပြီး NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများကလည်း နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ပြည်သူလူထုအတွင်း ကြောက်ရွံ့ထိတ်လန့်မှုနှင့် လူမှုစီးပွားဘဝများ ဆုံးရှုံးမှုတို့ ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ သုံးနှစ်တာကာလအတွင်း ရဟန်း/သံဃာ ၇၇ ပါး၊ သီလရှင်နှစ်ပါး၊ အပြစ်မဲ့ပြည်သူ ၅၆၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၁၂၄ ဦး စုစုပေါင်း ၆၈၈၀ သေဆုံးခဲ့ရပြီး ဆက်သွယ်ရေး/လျှပ်စစ်တာဝါတိုင် ၅၅၉ ခု၊ ကျန်းမာရေးအဆောက်အဦ ၅၃ လုံး၊ ဘာသာရေးအဆောက်အဦ ၆၆ လုံး၊ လမ်းတံတား/တိုးဂိတ်အဆောက်အဦ ၁၄၈၇ ခု၊ စာသင်ကျောင်း/ ပညာရေးအဆောက်အဦ ၆၇၀၊ လူနေအိမ်များ၊ အခြားအဆောက်အဦများစွာ ပျက်စီးခဲ့ရသည်။ ရထားလမ်းများနှင့် ဘူတာနယ်မြေများ မိုင်းခွဲဖျက်ဆီးခံရမှု အကြိမ်ပေါင်း ၁၃၀၊ ရထားတံတားများ မိုင်းခွဲဖျက်ဆီးမှု ၄၆ ကြိမ်၊ ဘူတာနှင့် ဝန်ထမ်းနေအိမ်များ ဖျက်ဆီးမှု ၁၂ ခုတို့လည်း အကြမ်းဖက်တိုက်ခိုက်မှုများပင်ဖြစ်ပြီး ရောင်းဝယ်ဖောက်ကား ခရီးသွားနေကြသည့် ပြည်သူလူထုအပေါ် များစွာထိခိုက်စေခဲ့သည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံအတွင်း နှစ်ပေါင်းများစွာ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒဖြစ်သော်လည်း နိုင်ငံရေးမကျေလည်မှုကို အခြေခံ၍ ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများက ပြည်သူတို့၏ ဆန္ဒနှင့် ဆန့်ကျင်လျက်ရှိသည့်အပြင် အပြစ်မဲ့ပြည်သူတို့ အသက်ဆုံးရှုံးမှု၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ ဆုံးရှုံးမှု၊ ပညာရေး၊ ကျန်းမာရေး စသည့်အကျိုးစီးပွားများ ဆုံးရှုံးမှုတို့ကြောင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးမှုများက အကြမ်းဖက်မှုများအား ဟန့်တားနှိမ်နင်းမှုကို ပိုမိုထိရောက်အောင်မြင်စေသည်။ ဖေဖော်ဝါရီ ၂ ရက်က ပဲခူးမြို့နယ်အတွင်း ၁၀၇ မမ ရှော့တိုက်ဒုံးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်အဖွဲ့ဆိုလျှင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်ညတွင် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်နေရာများကို ပစ်မှတ်ထားပစ်ခတ်ဖောက်ခွဲရန် စီစဉ်ထားသူများဖြစ်ရာ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး အကယ်၍သာ ၎င်းတို့၏ အကြံအစည်အောင်မြင်ခဲ့ပါက မတွေးရဲစရာပင်ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ မန္တလေး PDF နှင့် No-More Dictatorship အကြမ်းဖက်အဖွဲ့တို့ ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးမြို့နယ်မှတစ်ဆင့် လက်နက်/ခဲယမ်းများကို ကားဂီယာဘောက်အတွင်း ထည့်သွင်း၍ မန္တလေးသို့ သယ်ဆောင်နေခြင်းကိုလည်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး ရှေ့ဆက်သွားရမည့်ခရီး လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေတည်ဆောက်ရမည်ဖြစ်ရာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ပြည်ထောင်စုနေ့သို့ အတွေးတစ်စ

➢ ပြည်လှမြန်မာ တိုင်းစည်သာကား
စာပေယဉ်ကျေး ငြိမ်းချမ်းအေးလျက်
ပေးယူမျှတ ညီညွတ်ကြ၍
ရခဲ့စည်းလုံး မပျက်ထုံးဖြင့်
ဆုံးတိုင်မခွဲ တူလက်တွဲကာ
နွဲ့ကြည်တိုင်းရင်း တစ်အူထုံ့ဆင်း။

➢ ထောင်သောင်းသိန်း သန်း နှစ်ချီမှန်း၍
လှမ်းမျှော်ရည်တက် ခရီးဆက်ကာ
"လက်ဖျားဆိတ်သော် လက်ထိပ်နာ" ဟု
တိတ်ပုံရိပ်ပြင် မြတ်နိုးကြင်လျက်
ရင်မှချစ်ခြင်း ကူးလူးဆက်နွှင်း
ရင်းနှီးသွေးသား ညီအစ်ကိုများ။

➢ "စုပေါင်းညီညာ အောင်ကြောင်းဖြာ" ဟု
စာသိတရား လက်တွေ့ထားကာ
သွေးသားအားလုံး အသိသုံးသော်
ရှုံးခြင်းလည်းဝေး မုန်းခြင်းပြေး၍
လေးမြတ်ခန့်ခိုင် တိုင်းနိုင်ငံကို
ပိုင်တည်ဆောက်မြဲ စိတ်မှာစွဲလော့။

➢ နေ့ညမှောင်လင်း ပမာခင်းသို့
ဆင်းတက်ဖောက်ပြန် လောကခံကို
ဉာဏ်ဖြင့်သိမှတ် သတိချပ်၍
မြတ်သောတိုင်းကျိုး ကိုယ်စီပျိုးလျက်
နိုးထလို့လ ဝီရိယဖြင့်
ပြကြမသွေ့ သွေးချင်းဆွေ။ ။

**ညိုဝင်း(ချစ်မြေ)**

*"၁၂-၂-၂၀၂၄ တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်"*

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အလေးထားကြိုးပမ်းလျက်ရှိ

* ရှေ့ဖုံးမှ
ခေါင်းဆောင်များကလည်း တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီးကျင်းပကာ ဆုံးဖြတ်ချက်များချပြီး ဗိုလ်ချုပ်အောင်ဆန်းသာလျှင် တောင်တန်းသားများအတွက် ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို အပြည့်အဝထောက်ခံကြောင်း ပြန်လည်ကြေးနန်းပေးပို့လိုက်မှသာလျှင် သဘောတူစာချုပ် (အောင်ဆန်း – အက်တလီစာချုပ်)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ကောင်စီအမှုဆောင်အဖွဲ့ဝင်စော်ဘွားများနှင့် ရှမ်းပြည်လူထုကိုယ်စားလှယ်များပါဝင်သည့်ဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်း၊ ကချင်၊ ချင်းကိုယ်စားလှယ်များက ဆပ်ကော်မတီဖွဲ့စည်းကာ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် ဆွေးနွေးဆုံးဖြတ်ချက်များကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် ပြည်မနှင့်အတူပူးပေါင်း၍ လွတ်လပ်ရေးအရယူမည့် သဘောတူဆုံးဖြတ်ချက်များကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့သည် သမိုင်းဝင်ပြည်ထောင်စုနေ့၏ အခြေခံ၊ ပင်လုံစာချုပ်၏ ပဋိညာဉ်များကို ချမှတ်နိုင်ခဲ့သည့် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော၊ ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိတ်က တွေ့ကြုံခဲ့ရသည့်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး လမ်းကြောင်းမှန်ပေါ်တွင် တက်ညီလက်ညီ လျှောက်လှမ်းရတော့မည့် အချိန်အခါရောက်နေပြီ ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတူကွဲပြားသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် နှစ်ကာလကြာရှည်စွာ ကမ္ဘာ့အလယ်တွင် တည်တည်ငြိမ်ငြိမ်၊ သိက္ခာရှိရှိနေထိုင်လာခဲ့ကြပါသည်။ သို့သော်လည်း မတရားကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး တစ်နိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ကာ နှစ်ပေါင်း (၁၀၀)ကျော် ကုပ်သွေးစုပ်အမြတ်ထုတ်ခံရခြင်းနှင့်အတူ သွေးခွဲအုပ်ချုပ်မှုကို ခံခဲ့ကြရပါသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း (၇၀)ကျော် ကြာခဲ့ပြီဖြစ်သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့သည့် အမွေဆိုးကို ယခုထိ ခံစားနေရဆဲဖြစ်ပါသည်။ ကိုလိုနီလက်အောက်တွင် ဖိနှိပ်အုပ်ချုပ်မှုကို ရှမ်းတိုင်းရင်းသားများအပါအဝင် နိုင်ငံနှင့်အဝန်းတိုင်းရင်းသားပြည်သူအားလုံးက မျိုးချစ်စိတ်ဓာတ်ဖြင့် အသက်သွေးချွေးများစွာ ပေးဆပ်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း သွေးခွဲအုပ်ချုပ်သည့် အမွေဆိုးကြောင့် ပြည်ထောင်စုအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ယနေ့အထိ ဖြစ်ပွားလျက်ရှိသည်မှာ သတိထားသင့်သည့် အချက်ဖြစ်ပါသည်။

အထူးသဖြင့် ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများဖော်ဆောင်နေခြင်း၊ တိုက်ပွဲများ ဖြစ်နေခြင်း၊ ဆူပူအကြမ်းဖက်ဖျက်ဆီးနှောင့်ယှက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာခံစားနေကြရပါသည်။ ထို့အပြင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါ ပျက်ပြားလာသည့်အပြင် နိုင်ငံအတွက်ပါ အန္တရာယ်ရှိလာနိုင်သည်ကို အားလုံးက သိရှိလက်ခံကာ စဉ်းစားသုံးသပ်ကြရန်လိုပြီဖြစ်ပါသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့ အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်နေရုံသာမက ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်ခြင်း၊ စေတီပုထိုးများအပါအဝင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦ စသည်တို့ကိုပါ ဖျက်ဆီးခြင်းမှာ လွန်စွာအကျည်းတန်အရုပ်ဆိုးပြီး ဒေသခံပြည်သူများ ဆင်းရဲဒုက္ခများစွာ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ထို့ကြောင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းလာအောင် အလေးအနက်ထားစဉ်းစားဆောင်ရွက်သင့်သည့် အချိန်ကာလဖြစ်ကြောင်းနှင့် နောက်ကျလျှင် နောက်ကျသလောက် အကျိုးယုတ်နိုင်ပြီး နိုင်ငံအတွက် အန္တရာယ်ရှိသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း အသိပေး တိုက်တွန်းအပ်ပါသည်။

- **အထူးသဖြင့် ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများ ဖော်ဆောင်နေခြင်း၊ တိုက်ပွဲများဖြစ်နေခြင်း၊ ဆူပူအကြမ်းဖက်ဖျက်ဆီးနှောင့်ယှက် တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာခံစားနေကြရ၊ ထို့အပြင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါ ပျက်ပြားလာသည့်အပြင် နိုင်ငံအတွက်ပါ အန္တရာယ်ရှိလာနိုင်သည်ကို အားလုံးက သိရှိလက်ခံကာ စဉ်းစားသုံးသပ်ကြရန်လိုပြီဖြစ်**
- **အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့ အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်နေရုံသာမက ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်ခြင်း၊ စေတီပုထိုးများအပါအဝင် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦ စသည်တို့ကိုပါ ဖျက်ဆီးခြင်းမှာ လွန်စွာအကျည်းတန်အရုပ်ဆိုးပြီး ဒေသခံပြည်သူများ ဆင်းရဲဒုက္ခများစွာ ဖြစ်ပေါ်စေလျက်ရှိ၊ ထို့ကြောင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းလာအောင် အလေးအနက်ထားစဉ်းစားဆောင်ရွက်သင့်သည့်အချိန်ကာလဖြစ်ကြောင်းနှင့် နောက်ကျလျှင် နောက်ကျသလောက် အကျိုးယုတ်နိုင်ပြီး နိုင်ငံအတွက် အန္တရာယ်ရှိသည်ကို သတိပြုကြရမည်**

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အလေးထားကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ် ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် အချင်းချင်း သွေးမကွဲကြဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်မှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့်အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအားလုံး အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုအားကောင်းလာရန်လိုအပ်သဖြင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့်လည်း MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထားဆောင်ရွက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**တိုင်းရင်းသားမိဘပြည်သူများ ခင်ဗျား–**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာနှင့် စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပြည့်စုံရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ သင်ယူနိုင်ရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်းပညာများကို အထက်တန်းအဆင့်တွင် သင်ယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အထူးသဖြင့် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများအပါအဝင် တိုင်းရင်းသားဒေသများတွင် ပညာသင်ယူနိုင်မှု အခွင့်အလမ်းနည်းပါးနေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိပါသည်။ လူငယ်များကို အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအား အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ခိုက်ဖျက်ဆီးမှုများအားလုံးသည် နိုင်ငံပြိုကွဲပျက်စီးရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး အတိဒုက္ခရောက်ရေးကိုသာ ဦးတည်နေသဖြင့် သက်ဆိုင်သူအားလုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါရန်၊ နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါရန်နှင့် ရှမ်းပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြု တိုက်တွန်းလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



❂ ရွှေဖိုးမှ

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ဒေါက်တာကျန်းကျိ ဟုန်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာအေးထွန်း၊ ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။

အင်းသားရိုးရာ လှေလှော် ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ၂၆ တက်လှော်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ၄၆ တက်လှော်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ရာကျော် လှေလှော်အသင်းများ ယှဉ်ပြိုင်လှော်ခတ်ကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နှစ်သိမ့်ဆု၊ ဒုတိယဆုနှင့် ပထမဆုများ ရရှိကြသည့် လှေလှော်အသင်းများကို ဒုတိယဝန်ကြီးများ၊ တရုတ်သံရုံးမှ သံမှူးကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သမိုင်းဝင် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ ရွှေသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် ၁၈/၂၀၂၄**

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

**နေပြည်တော်ကောင်စီဝင်နှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ နေပြည်တော်ကောင်စီဝင်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **နေပြည်တော်ကောင်စီဝင်**
ကြည်း ၂၁၁၁၁ ဗိုလ်မှူးကြီး မင်းနောင် **အစား** ကြည်း ၂၃၇၆၇ ဗိုလ်မှူးကြီး မျိုးဝင်း

(၂) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၈၇၀၇ ဗိုလ်မှူးကြီး ကျော်ကျော်လင်း **အစား** ကြည်း ၂၂၄၀၅ ဗိုလ်မှူးကြီး မိုးမင်းသိန်း

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

**ပြည် ဖေဖော်ဝါရီ ၆**

ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဖေဖော်ဝါရီ ၄ ရက်က ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၅၈၅ ဒသမ ၇၀၃ သန်းဖြင့် ငွေအသပြာဆိုလာရေတင် စနစ်ဖြင့် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးထားသည့် ပြည်မြို့နယ် ကြခတ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များအစား သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပြောင်းလဲနိုင်ရေး၊ ပန်းတိုင် အထွက်နှုန်းရရှိသည့် ဈေးကွက်ရှိပြီး သက်တမ်းတိုသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသီးနှံအလိုက် ကျရောက်တတ်သည့် ရောဂါနှင့်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးမြေများကို မြေလပ်မရှိ စိုက်ပျိုးသွားနိုင်ရေး ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးက ရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် ကွင်းသရုပ်ပြပွဲများ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်သည့် တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက်ဖြင့် လည်းကောင်း၊ Drum Seeder ဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးစနစ်ဖြင့်လည်းကောင်း နွေစပါးကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ကုန်းဇင်းကျေးရွာ၌ ၂၀၂၃ - ၂၀၂၄ ခုနှစ် မတ်ပဲမျိုးစေ့ထုတ်စံပြစိုက်ခင်း ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သီးနှံစိုက်စွမ်းအားနှင့် သီးထပ်စွမ်းအား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်းဇင်းကျေးရွာအုပ်စု၌ တစ်နှစ်သုံးသီး ဧက ၁၀၀၀ တိုးတက်စေရေးအတွက် သဘာဝချောင်းငယ်အား မြေသားချောင်းပိတ်တမံဆောင်ရွက်ပေးနိုင်ရေး တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် မြရွာကျေးရွာရှိ စိန်ကမ္ဘာဦး ကုမ္ပဏီ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး အလုပ်ရုံသို့ရောက်ရှိခဲ့ရာ လုပ်ငန်းရှင် ဦးဇေယျာဦးက ကြံသီးနှံစိုက်ပျိုးသည့် စက်ကိရိယာနှင့် ကြံသီးနှံ မြေဩဇာချစက်ကိရိယာထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းပြသရာ ထပ်မံ၍လည်း ပဲသီးနှံဆေးဖျန်းစက်များနှင့် အခြားလယ်ယာ သုံးစက်ကိရိယာများကို တိုးချဲ့ထုတ်လုပ်နိုင်ရေး လိုအပ်သည့်အရင်းအနှီးနှင့် နည်းပညာများရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ဖျာပုံမြို့နယ်ရှိ မြို့မဈေးကြီးနှင့် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးအတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၅ ရက်က စစ်ဆေးစဉ်။ အောင်ဝင်းနိုင်(ပြန်/ဆက်)

## တရုတ်သို့ သစ်သီးတင်ပို့ရာတွင် ဈေးအနည်းငယ်ကျနေသော်လည်း ဆက်လက်တင်ပို့နေ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

တရုတ်ဘက်သို့သစ်သီးတင်ပို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဈေးအနည်းငယ် ကျဆင်းနေသော်လည်း မြန်မာကုန်သည်များ ဆက်လက်တင်ပို့နေကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။

ယခုရက်ပိုင်း တရုတ်ဘက်သို့ သစ်သီးတင်ပို့ရာတွင် တရုတ်နိုင်ငံဘက်မှ မိုးလေဝသအခြေအနေကြောင့်လည်း ဈေးကျနေရခြင်းဖြစ်ကြောင်း မိုင်းမိုင်း သစ်သီးပွဲရုံမှ သိရသည်။

လက်ရှိတွင် တရုတ်ပြည်သို့ တင်ပို့နေသည့် ရွှေသခွားနှင့် ဖရဲသီးဈေးမှာ ပြီးခဲ့သည့်ရက်ပိုင်းကထက် ဈေးအနည်းငယ်ကျဆင်းနေသော်လည်း ၎င်းတို့အနေဖြင့် တင်ပို့မှုရပ်နားထားခြင်းမရှိဘဲ ဆက်လက်တင်ပို့လျက်ရှိကြောင်း အဆိုပါသစ်သီးပွဲရုံမှ သိရသည်။

“တင်ပို့မှုကတော့ မနားထားဘူး။ ဟိုဘက်ကသတင်းတော့ သေသေချာချာ မသိရသေးဘူး။ ဈေးကွက်အနေနဲ့ ပြီးခဲ့တဲ့ရက်ပိုင်းက အခြေအနေကောင်းတယ်။ ဈေးလည်းနည်းနည်းလှုပ်ပြီး ဈေးလည်းတက်လာတယ်။ အခုဟာက ကားတွေက မိုင်းလားဘက်မှာ နည်းနည်းများတော့ ပေးမဝင်ဘူး။ လမ်းကျပ်တယ်။ ဈေးလည်းနည်းနည်း ပြန်ကျသွားတယ်။ ဟိုဘက်မှာ အခုနှင်းတွေလည်းကျတော့ အဝယ်ကလည်း အခါတိုင်းရက်နဲ့စာရင် နည်းနည်းတော့ အေးသွားတယ်။ ဒါပေမယ့် ဆိုးတော့မဆိုးပါဘူး။ သူ့ဟာနဲ့သူ အရောင်းကောင်းပါတယ်” ဟု အဆိုပါ သစ်သီးပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တရုတ်ပြည်သို့ သစ်သီးတင်ပို့ရာတွင် ပြီးခဲ့သည့်ရက်ပိုင်းက ရွှေသခွားဈေးနှုန်းမှာ တစ်ကီလိုလျှင် ၈ ယွမ်အထိ ရရှိခဲ့ပြီး ဖရဲသီးဈေးနှုန်းမှာ တစ်ကီလိုလျှင် ၃ ယွမ်ဝန်းကျင်အထိ ဈေးကောင်းရရှိခဲ့ကြောင်းလည်း ပြောသည်။

“ပြီးခဲ့တဲ့ရက်ပိုင်းက ရွှေသခွားဈေးနှုန်းဟာ တစ်ကီလိုကို ၈ ယွမ်လောက်အထိ အမြင့်ဈေးရရှိခဲ့ပြီး အခုလက်ရှိကတော့ ရွှေသခွားဈေးက တစ်ကီလိုကို ၅ ယွမ်၊ ၆ ယွမ်အစရှိသဖြင့် အသီးပေါ်မှုတည်ပြီး ဈေးရရှိပါတယ်” ဟု မိုင်းမိုင်း သစ်သီးပွဲရုံမှ တာဝန်ရှိသူက ဆိုသည်။ **MT**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးအပါအဝင် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Christophe Ami Leon Taramarcaz တို့ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဆွေးနွေး**

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံစဉ်။

# နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် ဝါးတိုးရပ်ကွက်ကြီး အနီး နှစ် ၇၀၀ ကျော် သက်တမ်းရှိ ကျီးနီကန်၏ ဝင်ရေစုဆောင်းသိုလှောင်ထားရှိမှုနှင့် ဒေသ စိုက်ပျိုးရေ အကျိုးပြုမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးရေ အလုံအလောက်ရရှိစေရန်နှင့် ဒေသတွင်း စိမ်းလန်းစိုပြည်စေရန် အတွက် ရေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အလားတူ ရမည်းသင်းမြို့နယ် ရွှေဒါးရှေ့တန်းစခန်းရှိ ဆင်းရွှေကြာ(၂) မျိုးရွေးချယ်မြှင့်တင်ရေး မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် မျိုးစေ့ဖူလုံစေရေး၊ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော မျိုးရွေးချယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီးမျိုးသန့်ခြံ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)ဖြင့် ဆောင်ရွက်သည့် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံတွင် နှစ်စဉ်မြေပဲ ဧက သုံးသန်းခန့်၊ နှမ်းသီးနှံ ဧက လေးသန်းခန့်၊ နေကြာ ဧက တစ်သန်းကျော်၊ ဆီမုန်ညင်းဧက တစ်သိန်းကျော်နှင့် ပန်းနှမ်းဧက သုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်လျက် ရှိကြောင်း၊ တွက်ချက်မှုများအရ တစ်နှစ်လျှင် လူတစ်ဦးစားသုံးဆီ ခြောက်ပိဿာ စားသုံးပါက ပြည်တွင်းထုတ်လုပ်မှုဖြင့် လုံလောက်နိုင်သော်လည်း လက်ရှိတွင် စားသုံးမှုလိုအပ်ချက်များအရ ပြည်ပမှ နှစ်စဉ် စားအုန်းဆီ တန်ချိန်များစွာ ဝယ်ယူတင်သွင်း အသုံးပြုနေရသည်ကို တွေ့ရှိရပါကြောင်း။

**စိုက်ပျိုးရန်အသင့်တော်ဆုံး**

ရာသီ ဆီထွက်သီးနှံတွင် အများဆုံး စိုက်ပျိုးလျက်ရှိသည့် နှမ်းသီးနှံ တစ်ဧက စိုက်ပျိုးရန် မျိုးစေ့ပမာဏ နှစ်ပြည်သာ အသုံးပြုရသဖြင့် မျိုးစေ့လိုအပ်ချက် အနည်းဆုံးဖြစ်သည့်အပြင် ဆီပါဝင်မှု ၅၄ ရာခိုင်နှုန်းနှင့် ဆီထွက်ရှိမှု အများဆုံးသီးနှံဖြစ်ပြီး ပြည်ပဈေးကွက်လည်းရှိသဖြင့် ဆီထွက်သီးနှံများတွင် စိုက်ပျိုးရန် အသင့်တော်ဆုံး သီးနှံတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် နှမ်းမျိုးစေ့ထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သင်တန်း အတွေ့အကြုံများနှင့် လေ့လာသိရှိချက်များကို မိမိတို့ဒေသရှိ အခြားမိတ်ဆွေတောင်သူများအား လက်ဆင့်ကမ်းမျှဝေပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက နှမ်းမျိုးစေ့ ထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသားတောင်သူများအား ဆင်းရတနာ-၁၄ နှမ်းမျိုး RS အဆင့် မျိုးစေ့နှင့် လေလုံပိတ်မျိုးစေ့သိုလှောင်အိတ်များကို ပေးအပ်ရာ သင်တန်းသားကိုယ်စားလှယ်များက လက်ခံရယူကြသည်။ **(အပေါ်ဓာတ်ပုံ)**

**လက်တွေ့လေ့လာနိုင်ရေး**

ယနေ့ဖွင့်လှစ်သည့် နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းသင်တန်းတွင် နှမ်းသီးနှံ အများဆုံးစိုက်ပျိုးကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ကိုးမြို့နယ်မှ ဝန်ထမ်း ၁၅ ဦး၊ တောင်သူ ၅၀ တို့ကို နှမ်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း နည်းပညာများကို ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ပို့ချဆွေးနွေးပေးသွားမည်ဖြစ်ပြီး နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်နှင့် မျိုးစေ့ထုတ်သုတေသန စိုက်ကွင်းများအား လက်တွေ့လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ နှမ်းမျိုးစေ့ထုတ်လုပ်မှု တိုးတက်ရေးစီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်နှင့် မျိုးသန့်ခြံ နှစ်ခြံတွင် နှမ်းသီးနှံဆိုင်ရာ သုတေသနစမ်းသပ်ကွက်များကို သုံးရာသီ ဆောင်ရွက်ခဲ့ပြီး တောင်သူကွင်းသရုပ်ပြပွဲများအဖြစ် ကျောက်ဆည်မြို့နယ်နှင့် ချောင်းမကြီးခြံတို့တွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရေကြောင်းသတိပေးချက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P)သည် ရွှေစီမံကိန်းရှိ SHWE Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV. JENNY ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၁၁.၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၃၁.၈၆ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၀.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၃.၄၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၅.၂၁ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃.၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၀.၁၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ SHWE Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများကို MV.JENNY ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မူဆယ်မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီးများ ကျောက်ပန်းတောင်းမြို့နယ်ရှိ သောက်သုံးရေကန်များတူးဖော်မှုနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ၊ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းထားမှုအခြေအနေ လှည့်လည်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရွာလတ်ကျေးရွာ ဇလင်းတောင်ရွာ ပတ်ဝန်းကျင်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တူးဖော်ပြီးသည့် ရိုးခြားကန်၊ ညောင်ကန်၊ ထောက်ရှာကန်၊ ဇလင်းတောင်ကန်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တူးဖော်ပြီးသည့် ဖိုးချုပ်ကန်၊ ဖောင်ရိုးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါကန်များကို ရေရှည်အသုံးပြုနိုင်ရေး ကန်များသန့်ရှင်းစေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် မှာကြားကြသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ရွာလတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီးရှိ ပေ ၇၀၀ စက်ရေတွင်း တူးဖော်ထားရှိမှု၊ ရေပေးဝေရန် စီစဉ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**မြကန်ပြုပြင်ထိန်းသိမ်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ညောင်ဦးမြို့နယ်ရှိမြကန်ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးကြရာ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ရေကြီးရေလျှံခြင်းနှင့် ရှေးဟောင်းအဆောက်အအုံများ၏ တံတိုင်းအတွင်းနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် ရေဝပ်မှုထပ်မံမဖြစ်ပေါ်စေရေးတို့အတွက် ပုဂံခေတ်ရေအရင်းအမြစ် စီမံခန့်ခွဲမှုစနစ် သုတေသနပြုချက်အရ ရှေးဟောင်းရေလမ်းကြောင်းများ ပြန်လည်ဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိမှု မြကန်ပြုပြင်ထိန်းသိမ်းမှုများကို ရှင်းလင်းတင်ပြသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ညောင်လက်ဖက်ကန်၊ ရွှေနန်းရင်တောကန် - ၁ (ထိန်ကန်)၊ အလံပုဂံကန် (အလံပြကန်) တူးဖော်မှုကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်ထောင်စုဝန်ကြီးများက အဆိုပါကန်များသည် ပုဂံခေတ်ရေအသုံးချမှုတွင် အရေးပါခဲ့သော ရှေးဟောင်းရေကန်များ ဖြစ်သည့်အပြင် ပုဂံခေတ်မှ ယနေ့အထိ အသုံးပြုခဲ့ပြီး ဒေသခံများ၏ သောက်သုံးရေ၊ စိုက်ပျိုးရေတို့တွင် အထောက်အကူဖြစ်၍ ရေရှည်အသုံးပြုနိုင်ရေး ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို မှာကြားကြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန် ၁၀၆ ကန်အနက် ၉၁ ကန်ကို အပိုင်း နှစ်ပိုင်းခွဲခြား၍ ပထမအဆင့် ၄၆ ကန်နှင့် ဒုတိယအဆင့် ၄၅ ကန် သတ်မှတ်ထားပြီး ပထမအဆင့် ၄၆ ကန်အနက် ပထမဦးစားပေး ၁၁ ကန်၊ ဒုတိယဦးစားပေး ၁၁ ကန်၊ တတိယဦးစားပေး ၁၂ ကန်၊ စတုတ္ထဦးစားပေး ၁၂ ကန်တို့ကို ဦးစားပေးအလိုက် ဆယ်ယူထိန်းသိမ်းသွားမည့် အခြေအနေ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ပုံငွေဖြင့် ရှေးဟောင်းရေကန် (၆) ကန်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှေးဟောင်းရေကန် (၅)ကန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှေးဟောင်းရေကန် (၆)ကန်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရွှေနန်းရင်တောကန် (၃) ကန်၊ လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသက ရှေးဟောင်းရေကန် တစ်ကန်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်မိသားစုက ရှေးဟောင်း ရေကန် တစ်ကန်၊ ဦးမင်းညီ၊ ဒေါ်ဇင်မြင့်မောင် မိသားစုက ရှေးဟောင်းရေကန်တစ်ကန်၊ ဦးအောင်ကိုဇော်မိသားစုက ရှေးဟောင်းရေကန် တစ်ကန်၊ ဒေါက်တာလှဝင်းအောင်က ရှေးဟောင်းရေကန် တစ်ကန် စုစုပေါင်းရှေးဟောင်းရေကန် ၂၅ ကန်ကို ဆယ်ယူထိန်းသိမ်းမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရန်ပုံငွေဖြင့် တူးဖော်ထိန်းသိမ်းမည့် တောင်ကျောင်းကန် (တောရကျောင်းကန်)နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တူးဖော်ထိန်းသိမ်းဆောင်ရွက်ပေးမည့် ဖျောက်ဆိပ်ပင်ကန် (၁)၊ (၂)၊ (၃) တို့ကို ကြည့်ရှု၍ ပုဂံခေတ်ရေအသုံးချမှုတွင် မြကန်ရေပိုလွှဲမှ စီးဆင်းလာသောရေများကို ဒေသတွင်း ရေဝပ်ရေလျှံမှုမရှိစေရန် ရေသွယ်မြောင်းများဖြင့် စနစ်တကျသွယ်ယူခဲ့ပြီး ဒေသခံများ သောက်သုံးရေ၊ စိုက်ပျိုးရေအသုံးပြုနိုင်ရန် ယခုလို ကန်များ ဆယ်ယူသိုလှောင်ထိန်းသိမ်းခဲ့ကြောင်း၊ အဆိုပါရှေးဟောင်းရေကန်များကို ဆက်စပ်ဝန်ကြီးဌာနများ အကူအညီဖြင့် စနစ်တကျ ဖော်ထုတ်ဆယ်ယူ၍ ဒေသခံများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေရရှိအောင် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ လေလွင့်မှု မရှိစေဘဲ အရည်အသွေးကောင်းမွန်သပ်ရပ်အောင် ဆယ်ယူထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ထိန်းသိမ်းမည့် ရွှေနန်းရင်တောကန်(၃)ကန်နှင့် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသော Area E တွင် ပါဝင်သည့် ရွှေနန်းရင်တောဘုရားအစု သန့်ရှင်းရေးဆောင်ရွက်ထားမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ဧရိယာ (၁၁) ပိုင်းခွဲ၍ ပေါင်းမြက်၊ ချုံနွယ်၊ ညောင်ပင်၊ ကန္တာရပင်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စုစုပေါင်း စေတီပုထိုး ဂူဘုရားပေါင်း ၁၇၃၁ ဆူ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် လောကနန္ဒာစာသင်တိုက်သို့ သွားရောက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လောကနန္ဒာစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ညောင်ဦးမြို့ရှိ စာသင်တိုက် (၃) တိုက်အတွက် ဥပ္ပါတသန္တိကျမ်းစာအုပ် ၃၃၉ အုပ်နှင့်လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အာနန္ဒာဘုရားသို့ ရောက်ရှိပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအခြေအနေ၊ ရွှေဆံတော်ဘုရားတွင် မိုးကြိုးလွှဲတပ်ဆင်ထားမှုနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဆွေတော်မျိုးတော်ကန်နှင့် ရွှေထီးကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်နည်းပညာတက္ကသိုလ် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ပြည် ဖေဖော်ဝါရီ ၆**

ပြည်နည်းပညာ တက္ကသိုလ်၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ပြည်နည်းပညာ တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြနန္ဒာလွင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။



ဆက်လက်ပြီး ပြည်နည်းပညာ တက္ကသိုလ်ကျောင်းသားကျောင်းသူများက အကများဖြင့် ကပြဖျော်ဖြေကြပြီး မောင်မယ်သစ်လွင်များအနက်မှ King, Queen ရွေးချယ်ကာ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည်။

အဆိုပါအခမ်းအနားသို့ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ဇနီး၊ ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် ဇနီး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဗိုလ်မှူးကြည်လင်၊ ပြည်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ သင်တန်းရေးရာဌာန-ဌာနကြီးမှူး၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## စဥ့်ကိုင်မြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**စဥ့်ကိုင် ဖေဖော်ဝါရီ ၆**

စဥ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စု၌ မီးသတ်ဦးစီးဌာနနှင့် UPG Paint & Coating Co., Ltd တို့ ပူးပေါင်း၍ အကြိုအခြေခံမီးသတ်ပညာ သင်တန်း ၁/၂၀၂၄ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည်။



အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်က အမှာစကား ပြောကြားပြီး ခရိုင်မီးသတ် ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးစောလွင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးလှဝင်းနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်စဥ့်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

## နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ယုံကြည်အားကိုးရသည့် ဌာနတစ်ခုအဖြစ် ရပ်တည်ကာ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာစေရန် ကြိုးပမ်းထမ်းဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ ပြိုင်ပွဲနှင့် သင်တန်းများတွင် ဆုရထူးချွန်ဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ **"ပေါင်းစည်းချစ်ကြည် လက်တွဲညီ"** မှတ်တမ်းဗီဒီယိုကို ပြသသည်။

### တက်ညီလက်ညီ စည်းလုံးညီညွတ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ယခုကဲ့သို့ ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည်မှာ ဌာနတွင်ရှိသည့် ဦးဆောင်ဦးရွက်ပြုနေသူများ၊ တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ တက်ညီလက်ညီ စည်းလုံးညီညွတ်မှုများကြောင့် ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးပေါင်း ၄၃၅ ရုံးနှင့် ဖွဲ့စည်းထားသည့် ကြီးမားသည့် ကွန်ရက်ကြီးတစ်ခုဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်ဖြစ်သည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း။

အလားတူ နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဂုဏ်ယူဖွယ်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ဦးစီးဌာနအနေဖြင့် မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူများ သိရှိနိုင်စေရန် စာသားသတင်းများ အပြင် ရုပ်သံသတင်းများကို Social Media Platform များဖြစ်သည့် Facebook, Instagram, Twitter, Telegram နှင့် MOI Website များမှ လွှင့်တင်ဖော်ပြပေးသကဲ့သို့ MOI Application နှင့် mtube တို့မှ လွှင့်တင်ပေးနေသည်ကိုလည်း တွေ့ရပါကြောင်း။

သက်ဆိုင်ရာခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများ၏ Facebook Page များတွင်လည်း ဒေသဖွံ့ဖြိုးရေးသတင်းများ၊ နိုင်ငံတော်အစိုးရ၏ သတင်းထုတ်ပြန်ချက်များနှင့် အခြားအသိပညာပေး အကြောင်းအရာများ ရိုက်ကူးထုတ်လွှင့်နေသည်ကို တွေ့မြင်ရသည့်အတွက် ခေတ်မီနည်းပညာများနှင့်အညီ လိုက်ပါပြောင်းလဲနိုင်သည်ဟု သုံးသပ်ရပါကြောင်း။

### တိုင်းကျိုး၊ ပြည်ကျိုး ဆွေးနွေးတိုင်ပင်ရာ

ထို့ပြင် ဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်များကို ပြည်သူများ အသိပညာရှာမှီးရာနေရာ၊ သတင်းအချက်အလက်များ ဖြန့်ဝေရရှိရာနေရာ၊ တိုင်းကျိုး၊ ပြည်ကျိုးနှင့် ရပ်ကျိုး၊ ရွာကျိုးများကို ဆွေးနွေးတိုင်ပင်ရာနေရာ၊ ပြည်သူများ စာဖတ်ခြင်းဖြင့် အပန်းဖြေဖွယ်ရာနေရာများဖြစ်လာစေရေးအတွက် လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် လူထုအခြေပြုဗဟိုဌာန(Community Centre) အဆောက်အအုံသစ်ကို အဆင့်မြှင့်တင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများ မြှင့်တင်ဆောင်ရွက်ပေးရန် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ်တိုင်းပြည်၏ အားကိုးအားထားပြုရသည့် မျိုးဆက်သစ်ခေါင်းဆောင်များ ဖြစ်လာစေရန်အတွက် အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများကိုလည်း တစ်နိုင်ငံလုံးတွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

ဌာန၏ ကောင်းမွန်သော ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် ဖြစ်လာစေရန်နှင့် ဌာန၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အဓိကကျသည့် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအပါအဝင် သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ပို့ချပေးနေသည်ကိုလည်း တွေ့ရပါကြောင်း။

၂၀၂၄ ခုနှစ် နှစ်သစ်တွင် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝ တည်ဆောက်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ယုံကြည်အားကိုးရသည့် ဌာနတစ်ခုအဖြစ် ရပ်တည်ကာ ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ ဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာစေရန် ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ရည်နှင့် ကိုယ်ရည်ကိုယ်သွေးများ တိုးတက်လာစေရေး ကြိုးပမ်းထမ်းဆောင်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ညွှန်ကြားရေးမှူးရာထူးတိုး ခန့်အပ်လွှာများပေးအပ်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စီမံထူးချွန်ဆု၊ ဇေယျာစီမံထူးချွန်ဆု၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ထူးချွန်ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု၊ ဝတ္ထုတိုပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲ ဆုများနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆု၊ သင်တန်းထူးချွန်ဆုနှင့် သတင်းမှန်တုံ့ပြန်ဆောင်ရွက်မှုဆုများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထူးချွန်ဆုနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးရဲတင့်က ခရိုင်အဆင့် သတင်းလွှင့်တင်ဖော်ပြခံရမှုဆု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများရရှိကြသည့် ခရိုင်ရုံးများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြို့နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမရရှိသည့် အောင်မြေသာစံမြို့နယ်ရုံး၊ ဒုတိယရရှိသည့် ဒေးဒရဲမြို့နယ်ရုံး၊ တတိယရရှိသည့် ပန်းတနော်မြို့နယ်ရုံး၊ အထူးဆုများရရှိသည့် ပျော်ဘွယ်မြို့နယ်ရုံး၊ တံတားဦးမြို့နယ်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ သီပေါမြို့နယ်ရုံးနှင့် လယ်ဝေးမြို့နယ်ရုံးတို့ကိုလည်းကောင်း၊ ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမရရှိသည့် ကျောက်ဆည်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေး၊ ဒုတိယရရှိသည့် တောင်ကြီးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းနှင့် တတိယရရှိသည့် သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသည့် ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့ နံနက်ပိုင်းတွင် အဖွဲ့ နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို**

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ အုပ်ချုပ်သူတစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှု**

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။



ထို့နောက် လေ့လာရေးအဖွဲ့သည် ဗုဒ္ဓဥယျာဉ်တော်အတွင်း ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါဓိပတိသာသနဉ္စဗိမာန်တော်ကြီး၊ အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် လေ့လာရေးအဖွဲ့များသည် Junction Center၊ ကျောက်မျက်ရတနာပြတိုက်၊ လွှတ်တော်အဆောက်အအုံတို့ကို သွားရောက်လေ့လာကြပြီး**(ဝဲပုံ)** နေပြည်တော် ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညို၍ နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

**အမျိုးသားအထိမ်းအမှတ်ဥယျာဉ် လေ့လာကြမည်**

အဆိုပါလေ့လာရေးအဖွဲ့(၁)တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အဖွဲ့(၂)တွင် ရေဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အုပ်ချုပ်သူဆရာ ဆရာမများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များပါရှိပြီး လေ့လာရေးခရီးစဉ် ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် နေပြည်တော် မြို့မဈေးတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေ အတူတူလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။

**နော်လှလှဝင်း**

**(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။**

**ထိုသို့သွားရောက်ဖူးမြော်လေ့လာခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြလိုက်ပါသည်။**



ဒေါ်သူဇာဇံ



ဒေါ်မြတ်နိုးဇော်



နော်လှလှဝင်း

**ဒေါ်သူဇာဇံ (ကချင်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၊ အုပ်ချုပ်သူ)**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဆပ်ကော်မတီကနေ စီစဉ်ဆောင်ရွက်ပေးထားတဲ့အတိုင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွေကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတာကနေ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ဖို့ ရောက်ရှိလာတာ ဖြစ်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပြင် Junction Centre၊ ကျောက်မျက်ရတနာပြတိုက်နဲ့ လွှတ်တော်ကိုလည်း သွားရောက်လေ့လာကြမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒုတိယအကြိမ်မြောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားက မရောက်ဖူးတဲ့ ကလေးတွေကလည်း ဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် အားလုံးက ဝမ်းသာပီတိဖြစ်ကြတယ်။ လေ့လာရေးခရီးစဉ်တွေကို စီစဉ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကို အထူးကျေးဇူးတင်ရှိပါတယ်။ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် အနုပညာလက်ရာမြောက်တဲ့ ပန်းဆယ်မျိုးကို တစ်နေရာတည်းမှာ လေ့လာဖူးမြော်ခွင့်ရမှာဖြစ်တဲ့အတွက် အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေအနေနဲ့ လာရောက်ဖူးမြော်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မြတ်နိုးဇော် (ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့)**

ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို လာရောက်ဖူးမြော်တဲ့အချိန်မှာ တာဝန်ရှိသူတွေရဲ့ *စာမျက်နှာ ၉ သို့*

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၆

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (ဖုန်း၊ ၀၉၅၁၀၆၂၇၄) နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဖုန်း၊ ၀၉၆၇၈၂၆၅၁၉၁)တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကချင်ပြည်နယ်တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကာ အများအားဖြင့် သာယာမည်။ မိုး/ဇလ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး သိုလှောင်ရုံ၊ အဆောက်အဦမြေနေရာများအား ကြည့်ရှုစစ်ဆေး



တောင်ကြီး ဖေဖော်ဝါရီ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း ပြောကြားပြီး မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများ ထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာသည့် လက်ရှိနောက်ဆက်တွဲ ပြဿနာများကို အမှန်အတိုင်း သိရှိထားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းမိသားစုဝင်များ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ မခံရစေရေး အထူးသတိပြုနေထိုင်ကြစေလိုကြောင်း၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ၌ စိတ်ကောင်း စေတနာကောင်းထား၍ မိမိတို့ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို မျက်ခြည်ပြတ်မခံဘဲ စည်းစည်းလုံးလုံးအောင်မြင်အောင် အကောင်ထည်ဖော်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝေးရာမီးပုံးပျံကွင်းအနီးရှိ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၂) မူလတန်းကြိုကျောင်း ဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများနှင့်အတူ ဟိုပုံးမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သိုလှောင်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မိုးညှင်းမြို့နယ် ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

မိုးညှင်း ဖေဖော်ဝါရီ ၆

မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာရှိ ပင်ယံပွား စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ပံ့ပိုးငွေ ရယူထားသော အသင်းသား ၇၅ ဦး၏ လယ်မြေဧက ၃၆၂ ဧကတွင် ဆောင်းသီးနှံ သီးထပ်အဖြစ် ဆီထွက်သီးနှံ စိုက်ပျိုးထားရှိရာ အသင်းသားတောင်သူ ဒေါ်ခင်စန်းဝင်း၏ လယ်မြေများ၌ နေကြာနှင့် မြေပဲများ စိုက်ပျိုးထားရှိမှုအခြေအနေကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါအသင်းတွင် နေကြာ ၁၁၄ ဧက၊ မြေပဲ ၇၅ ဧကနှင့် ပဲပုပ် ၁၇၃ ဧက စိုက်ပျိုးထားရှိပြီး ယခုနှစ် ဧပြီလကုန်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

**သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်နိုင်ရန် ဖေဖော်ဝါရီ ၆ ရက်က သန်လျင်မြို့နေ ဦးမောင်မောင်တိုး–ဒေါ်မိုးစန္ဒာထွန်း (ရာဇသောက်ရေသန့်) မိသားစုက သမီး ရှင်နှင်းသန့် (၂၇)နှစ်ပြည့် မွေးနေ့အလှူအဖြစ် အလှူတော်ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးကြည် လက်ခံရယူစဉ်။** သန်းဝင်း(သန်လျင်)





မနန်းငွေစန္ဒာ



ပေါင်လမ့်ထန်



ကျိန်ရှန်းစန်

*စာမျက်နှာ ၈ မှ*

ရှင်းလင်းပြောကြားမှုတွေကြောင့် ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ ဖူးမြော်တဲ့အချိန်မှာလည်း သပ္ပာယ်ပြီး ကြည်ညိုဖို့ကောင်းလှပါတယ်။ ဝမ်းသာပီတိဖြစ်မိပါတယ်။ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေလည်း လာရောက်ဖူးမြော်ကြည့်ပါ။ စိတ်အေးချမ်းသာယာမှုကို ခံစားရစေပါတယ်။ ကျွန်မတို့ လေ့လာရေးအဖွဲ့တွေအနေနဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပြင် Junction Centre၊ ကျောက်မျက်ရတနာပြတိုက်နဲ့ လွှတ်တော်ကိုလည်း သွားရောက်လေ့လာကြမှာ ဖြစ်ပါတယ်။

**နော်လှလှဝင်း (ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၊ အုပ်ချုပ်သူ)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတဲ့အချိန်မှာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်ကနေ ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုရင် လာရောက်ဖူးမြော်ဖြစ်မှာ မဟုတ်ပါဘူး။ အခုက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ ကပြဖျော်ဖြေဖို့အတွက် လာရောက်ရင်း တာဝန်ရှိသူတွေရဲ့ စီစဉ်ပေးမှုကြောင့် အခုလိုဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဘုရားကြီးကို လာရောက်လေ့လာဖူးမြော်ခွင့်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။

ကျွန်မတို့အနေနဲ့ ကိုယ့်ရဲ့ဒေသကို ပြန်ရောက်တဲ့အခါမှာ ကျွန်မတို့နိုင်ငံမှာ အခုလိုမျိုး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ကြည်ညိုစရာကောင်းတဲ့ အကြောင်းအရာတွေကို ပြန်လည်မျှဝေပြောပြသွားမယ်။ ဘုရားကြီးကို တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့တိုင်းရင်းသားတွေအတူတူလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေအနေနဲ့ အခွင့်အခါသင့်ရင် လာရောက်ဖူးမြော်ကြဖို့ သတင်းစကားပါးလိုပါတယ်။

**မနန်းငွေစန္ဒာ (ကရင်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ဒေသကနေ လာရောက်ဖူးမြော်ဖို့ဆိုတာ လွယ်တော့ မလွယ်ကူပါဘူး။ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် တစ်ခါတည်း ဖူးမြော်ခွင့်ပါ ရရှိခဲ့တာဖြစ်ပါတယ်။ ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ဖို့ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုတွေကိုလည်း လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ တိုင်းရင်းသားပေါင်းစုံ စုစည်းပြီး ဖူးမြော်ခွင့်ရတဲ့အတွက် ပိုပြီး ကြည်နူးပျော်ရွှင်မိပါတယ်။

**ပေါင်လမ့်ထန် (ချင်းပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့)**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ ချင်းပြည်နယ်ကိုယ်စားပြု တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် နေပြည်တော်ကို ရောက်ရှိပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်လေ့လာခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဖူးမြော်ခွင့်ရရှိတဲ့အချိန်မှာလည်း တာဝန်ရှိသူတွေက ရှင်းလင်းပြောကြားပေးတယ်။ ဒီလိုရှင်းလင်းပြောကြားပေးတဲ့အတွက် မြန်မာမှု အနုပညာလက်ရာတွေ၊ ဗိသုကာပညာတွေနဲ့ အံ့မခန်းတည်ဆောက်ထားတာကို လေ့လာသိရှိရပါတယ်။ ကျောက်စာတွေကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာနဲ့ ရေးထိုးထားတာကို လေ့လာခွင့်ရခဲ့ပါတယ်။

**ကျိန်ရှန်းစန် (ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့)**

ချင်းပြည်နယ် တီးတိန်မြို့ကနေ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအတွက် လာရောက်ရင်း နေပြည်တော်မှာရှိတဲ့ အထင်ကရနေရာတွေကိုလည်းပတ်ခွင့်ရခဲ့တယ်။ ဒီနေ့မှာ ကျွန်မတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေဟာ ဘုရားရင်ပြင်တော်ပတ်လည်က ဂန္ဓကုဋီတိုက်၊ မော်ကွန်းတိုက်၊ အဂ္ဂါမိပတိ သာသနဗိမာန်တော်ကြီးနဲ့ ကျောက်စာရုံစေတီတော်တွေကိုသွားရောက်လေ့လာခဲ့ကြပါတယ်။ တည်ဆောက်ထားတဲ့လက်ရာတွေက အံ့မခန်းလက်ရာတွေလို့ ပြောလို့ရပါတယ်။ ဂုဏ်ယူစရာကောင်းပါတယ်။

**တွေ့ဆုံမေးမြန်း – အောင်မင်းဟန်၊ ဂျိုင်းလော၊ ဓာတ်ပုံ– အောင်ပြည့်**

# ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Land Mark) ဖြစ်လာမည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း

*ကေကေစီ (DOB)*

ရန်ကုန်တိုင်းဒေသကြီး၏ တောင်ဘက်အပိုင်းရှိ ဒလမြို့သည် ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ပေါက်မြို့တစ်မြို့ဖြစ်ပြီး ရန်ကုန်မြို့တော်နှင့် အနီးဆုံးဖြစ်သော်လည်း ရန်ကုန်မြစ်နှင့် ပိုင်းခြားထားသဖြင့် ရေလမ်းဖြင့်သာ ရန်ကုန်မြို့သို့ သွားရောက်ရပြီး လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ရပါသည်။

**ရန်ကုန်မြစ်ပေါ်တွင်**
**တံတားတစ်စင်းတည်ဆောက်**

ရန်ကုန်မြို့တော်နှင့် အနီးဆုံးဖြစ်သည့် ဒလမြို့နှင့် ဆက်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တံတားတစ်စင်းကို ရန်ကုန်မြစ်ကို ဖြတ်သန်းတည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲများက ကြံဆခဲ့ကြပါသည်။ ဤသို့ဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံသမ္မတနှစ်ဦး တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး တံတားစီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ Economic Development Cooperation Fund (EDCF) ချေးငွေဖြင့် ရန်ကုန်မြစ်ပေါ်တွင် တံတားတစ်စင်း တည်ဆောက်ရေးကို ၂၀၁၃ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။

တံတားအူကြောင်းရွေးချယ်မှုနှင့်ပတ်သက်၍ လက်ရှိအဆောက်အအုံများ၏ ထိခိုက်မှုအနည်းဆုံးဖြစ်သော ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်မည့် လမ်းအူကြောင်းအဖြစ် ရွေးချယ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကိုရီးယားသမ္မတနိုင်ငံ GS Engineering & Construction Co., Ltd. က ၂၀၁၉ ခုနှစ် မေလတွင် လုပ်ငန်းများ စတင်ခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ လမ်းနှင့် ယာဉ်သွားလာမှုပုံစံဖြစ်စေရန်**
**ပေါင်းစပ်ရွေးချယ် ထုတ်လုပ်**

တံတားပုံစံထုတ်လုပ်ရာတွင် အသုံးပြုသည့် စံချိန်စံညွှန်းများသည် မြန်မာနိုင်ငံ၏ လမ်းနှင့် ယာဉ်သွားလာမှုအခြေအနေ၊ ဘူမိဗေဒနှင့် မြေခံနိုင်ရည်စွမ်းအား၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ကိုက်ညီစေမည့် ပုံစံဖြစ်စေရန် ပေါင်းစပ်ရွေးချယ် ထုတ်လုပ်ခဲ့ပါသည်။ ပြင်ဆင်ထိန်းသိမ်းစရိတ်သက်သာ၍ ပြည်တွင်း၏ လိုအပ်ချက်အခြေအနေနှင့် အကိုက်ညီဆုံးဖြစ်သော ကြိုးဆိုင်းတံတား (Cable-Stayed Bridge) အမျိုးအစားကို ရွေးချယ်ဆုံးဖြတ်ခဲ့ကြပါသည်။

တန်ချိန် ၁၅၀၀၀ ရှိသည့် ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းနိုင်ရေးအတွက် ပင်မတံတား ရေလမ်းကင်းလွတ်အမြင့်ကို ၄၉ မီတာ (ပေ ၁၆၀) အထိ ထားရှိခဲ့ရသဖြင့် ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတားများ (Ramp Bridges) ကို အတက်အဆင်း (Gradient) ပြေပြစ်စေရေးအတွက် ထည့်သွင်းတွက်ချက်၍ ဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတက်အဆင်း ပြေပြစ်လွန်းပါက ချဉ်းကပ်တံတားနှင့် ဆင်ခြေလျှောတံတားများ၏ ပေရှည်ပိုလာနိုင်ပြီး စီမံကိန်းတန်ဖိုး ပိုမိုကြီးမြင့်လာကာ ချေးငွေများ ပိုမိုအသုံးပြုရန် လိုအပ်လာမည်ဖြစ်ပါသည်။

ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းမှ ချဉ်းကပ်တံတားအရှည်ကို စဉ်းစားဆုံးဖြတ်ရာတွင် ဗိုလ်ချုပ်လမ်း မီးပွိုင့်မတိုင်မီ ရေပြင်ညီ (0 % Gradient) ရအောင် ဆောင်ရွက်ရမည့် ကန့်သတ်ချက်များ ရှိသကဲ့သို့ ဒလဘက်ကမ်း ဗိုလ်မင်းရောင်လမ်းမှ ချဉ်းကပ်တံတားသည်လည်း နာရီစင်လမ်းဆုံမတိုင်မီ ရေပြင်ညီ (0 % Gradient) ရအောင် ဆောင်ရွက်ရမည့် ကန့်သတ်ချက်များရှိလာပါသည်။


မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ပြီးပါက တွေ့ရမည့်ပုံ။

**❊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားသည် မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး တံတားများအနက် ရေလမ်းကင်းလွတ်အမြင့် အများဆုံးဖြစ်ပြီး တံတားကြမ်းခင်း အမြင့်ဆုံးတံတား တစ်စင်းဖြစ်ပါသည်။ တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာတွင် ယာဉ်မောင်းများ အန္တရာယ်ကင်းရှင်းရေးအတွက် ပင်မတံတားအပိုင်းနှင့် ချဉ်းကပ်တံတားအပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှုန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်ပြီး ဆင်ခြေလျှောတံတားများတွင် တစ်နာရီလျှင် ကီလိုမီတာ ၃၀ နှုန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်**

**အဆောက်အအုံများဖယ်ရှားမှု အနည်းဆုံးဖြစ်စေရန်**
**ထည့်သွင်းစဉ်းစား ဆောင်ရွက်ခဲ့**

အဆိုပါ မီးပွိုင့်များ၊ လမ်းဆုံများကို ဖြတ်ကျော်ဆောက်လုပ်ပါက ခုံးကျော်တံတားများ ထပ်မံဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုးကြီးမြင့်သွားမည်ဖြစ်ပါသည်။ ရန်ကုန်ဘက်ကမ်း ကမ်းနားလမ်းမှ အတက်အဆင်း ဆင်ခြေလျှောတံတားများ (Ramp Bridges) သည်လည်း မဟာဗန္ဓုလလမ်းမကြီးနှင့် ကမ်းနားလမ်းမကြီး နှစ်လမ်းကြား ဖြတ်လမ်းအဝင်၊ အထွက်များ၊ ဆိပ်ခံတံတားများနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ကမ်းနားဈေးဆိုင်ခန်းများ၊ အဆောက်အအုံများဖယ်ရှားမှု အနည်းဆုံးဖြစ်စေရန် ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့ရပါသည်။

သို့ဖြစ်၍ ပင်မတံတားအဆင်း ဆင်ခြေလျှောတံတား (Ramp A Bridge) ကို ဒီဇိုင်းသတ်မှတ်ချက်စံနှုန်းများ (Design Code) အရ Design Speed 40 km/hr ဖြင့် ဒီဇိုင်းပုံစံထုတ်လုပ်ပြီး လျှောစောက် (Gradient) ၇ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ခဲ့ကာ ပင်မတံတား အတက် ဆင်ခြေလျှောတံတား (Ramp B Bridge) ကို လျှောစောက် (Gradient) ၆ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ခဲ့ရပါသည်။ ကျန်ရှိသည့် လျှောစောက်များအနေဖြင့် ပင်မတံတား Cable-Stayed Bridge တွင် သုံးရာခိုင်နှုန်း၊ ချဉ်းကပ်တံတား ရန်ကုန်ဘက်ကမ်းတွင် ၅ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် ချဉ်းကပ်တံတား ဒလဘက်ကမ်းတွင် ၅ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် အသီးသီးဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုကဲ့သို့ ရေလမ်းကင်းလွတ်အမြင့် ပိုမိုလိုအပ်သည့်

*စာမျက်နှာ ၁၁ သို့*


မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ရန်ကုန်ဘက်ကမ်း ကြိုးထိန်းတာဝါတိုင်နှင့် ချဉ်းကပ်တံတား၊ ဆင်ခြေလျှောတံတားများအား မြင်ရပုံ။


၂၀၂၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်တံတားအမှတ်(၂)အား မြင်ရပုံ။



ကိုရီးယားနိုင်ငံမှ Bukhang တံတားအား မြင်ရပုံ။



နော်ဝေနိုင်ငံမှ Stroseisumdet တံတားအား မြင်ရပုံ။

*စာမျက်နှာ ၁၀ မှ*

မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် ချဉ်းကပ်တံတားများ၏ ရေပြင်ညီလျှောစောက် (Horizontal Gradient) အား အမြင့်ဆုံး ၈ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ ထားရှိဆောင်ရွက်ကြောင်း သိရပါသည်။

ဥပမာအားဖြင့် ကိုရီးယားနိုင်ငံတွင် ဆောက်လုပ်ထားသော သံမဏိကြိုးဆိုင်း (Cable–Stayed) တံတားအမျိုးအစားဖြစ်သည့် Yeosu Bridge သည် ဆင်ခြေလျှောတံတားတွင် လျှောစောက် ၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး၊ Bukhang တံတား၏ ဆင်ခြေလျှောတံတား လျှောစောက် ၈ ရာခိုင်နှုန်း ရှိပါသည်။

ထို့အတူ နော်ဝေနိုင်ငံတွင် တည်ဆောက်ခဲ့သည့် Storseisundet တံတားသည် ကြိုတင်အားဖြည့်ကွန်ကရစ် (Prestress Concrete Box) တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားတွင်ပင် လျှောစောက် ၈ ရာခိုင်နှုန်းရှိပါသည်။

**ဒီဇိုင်းပုံစံသတ်မှတ်ချက်ကို ကိုရီးယားနိုင်ငံစံနှုန်းဖြင့် ရည်ညွှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်**

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရာတွင် ဒီဇိုင်းပုံစံသတ်မှတ်ချက် (Design Criteria of Geometry) အနေဖြင့် American Association of State Highway and Transportation Officials (AASHTO) နှင့် ကိုရီးယားနိုင်ငံစံနှုန်း (Korean Standard) ကို ရည်ညွှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိ ကိုရီးယားနိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံတို့တွင် ဆောက်လုပ်ပြီးစီးခဲ့သည့် တံတားစီမံကိန်းများ၏ အမြင့်ဆုံးလျှောစောက် (Maximum Gradient) များထက် ကျော်လွန်အောင် ဆောင်ရွက်ထားခြင်း မရှိပါကြောင်း တွေ့ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် ၂၀၁၀ ပြည့်နှစ် မတိုင်မီက မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် ဆင်ခြေလျှောစောက်ကို ၃ ရာခိုင်နှုန်းအောက်သာ တည်ဆောက်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း ဆင်ခြေလျှောစောက်ကို ၄ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ဆောင်ရွက်ခဲ့ရာ တံတားအရှည်အား များစွာလျှော့ချနိုင်ခဲ့ပါသည်။ နမူနာအားဖြင့် လှိုင်သာယာ–တွံတေးလမ်းပေါ်ရှိ တွံတေးကြိုးတံတားကို ဆင်ခြေလျှောစောက် ၃ ရာခိုင်နှုန်းဖြင့် ဆောက်လုပ်ခဲ့ရာ တံတားအရှည် ပေ ၃၇၅၀ ရှိပြီး ပုသိမ်တံတားအမှတ်(၂) သည်လည်း ချဉ်းကပ်တံတားများကို ဆင်ခြေလျှောစောက် ၆ ရာခိုင်နှုန်းဖြင့် ဆောက်လုပ်ခဲ့ရာ ယာဉ်မျိုးစုံလွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနေသည်ကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံတွင် ရေလမ်းကင်းလွတ် အမြင့်ဆုံး တံတားတစ်စင်းဖြစ်**

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားသည် မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး တံတားများအနက် ရေလမ်းကင်းလွတ်အမြင့် အများဆုံးဖြစ်ပြီး တံတားကြမ်းခင်း အမြင့်ဆုံးတံတား တစ်စင်းဖြစ်ပါသည်။ တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာတွင် ယာဉ်မောင်းများ အန္တရာယ်ကင်းရှင်းရေးအတွက် ပင်မတံတားအပိုင်းနှင့် ချဉ်းကပ်တံတားအပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှုန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်ပြီး ဆင်ခြေလျှောတံတားများတွင် တစ်နာရီလျှင် ကီလိုမီတာ ၃၀ နှုန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်ပါသည်။

တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် တံတားပေါ်တွင် ဖြတ်သန်းခွင့်ပြုသည့်တန်ချိန်နှင့် မောင်းနှင်ရမည့် အမြန်နှုန်းများကိုလည်း သတိပေးဆိုင်းဘုတ်များ၊ ရောင်ပြန်အမှတ်အသားများ တပ်ဆင်၍ တံတားအသုံးပြုသူများ သိရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အထူးသဖြင့် တစ်လမ်းမောင်းတံတားများဖြစ်သည့် အလုံဘက်မှလာ၍ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းအနီးမှ တက်သည့် ဆင်ခြေလျှောအတက်တံတား (Ramp B)တွင် အရေးပေါ်ယာဉ်ရပ်နားရန် နေရာ နှစ်နေရာနှင့် လသာ လမ်းဘက်သို့ ဆင်းသည့် ဆင်ခြေလျှောအဆင်းတံတား (Ramp A) တွင် အရေးပေါ်ယာဉ်ရပ်နားရန် နေရာတစ်နေရာ ထည့်သွင်းဆောက်လုပ်ထားပါသည်။ ရန်ကုန်ဘက်ကမ်း ဘုန်းကြီးလမ်းပေါ်တွင် တည်ဆောက်သည့် ချဉ်းကပ်တံတားတွင် လမ်းဘေးလူနေအိမ်များအတွက် တံတားပေါ်ဖြတ်သန်းသည့် မော်တော်ယာဉ်များ၏ ဆူညံသံများ လျှော့ချစေရန် အသံထိန်းနံရံ (Noise Barrier) များကို တံတားတစ်ဖက်တစ်ချက်စီတွင် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒလဘက်ကမ်းတွင် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအဆောက်အအုံ (Maintenance Building) တစ်ခုနှင့် တံတားအသုံးပြုခကောက်ခံရေးစခန်း (Toll Plaza) တစ်ခု ထည့်သွင်းတည်ဆောက်သွားရန်လည်း အစီအစဉ်ရှိပါသည်။ အဆိုပါ Toll Plaza တွင် တန်ပိုမော်တော်ယာဉ်များ ထိန်းသိမ်းကြီးကြပ်ရန် Weight Bridge တစ်ခုလည်း ထည့်သွင်းဆောက်လုပ်သွားမည် ဖြစ်ပါသည်။

**မြို့များသို့ လွယ်ကူစွာ သွားလာနိုင်မည်**

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့လည်းကောင်း၊ ဒေးဒရဲတံတားမှတစ်ဆင့်ဒေးဒရဲ၊ဖျာပုံ၊ဘိုကလေးမြို့နှင့်ကမ်းခြေဒေသများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပါသည်။

**မြို့နယ်များသည် မြို့ပြအသွင် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်**

ယခုလက်ရှိ ရန်ကုန်မြို့တွင် တွေ့ကြုံနေရသည့် ယာဉ်ကြောပိတ်ဆို့မှုမှလည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ပါသည်။ ဧရိယာအကျယ်အဝန်း ၈၆ ဒသမ ၅ စတုရန်းမိုင်ရှိ ဒလမြို့နယ်၏ ခန့်မှန်းလူဦးရေ ၁၅၀၀၀၀ အတွက် မြို့ပြဖွံ့ဖြိုးမှုသာမက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်သွယ်သော ဝင်ပေါက်မြို့တစ်ခုဖြစ်လာပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် တစ်ဆက်တစ်စပ်တည်း တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသည်လည်း မြို့ပြအသွင်ဆောင်၍ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ် (Land Mark) တံတားတစ်စင်းဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတကာတံတားသတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၆**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကြံခင်းမြို့ ရွာသစ်ရပ်ကွက် မဟာဘောဂလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် ကြံခင်းမြို့ ရွာသစ်ရပ်ကွက် မဟာဘောဂလမ်းသစ်သည် အရှည် ၃၃၈ ပေ၊



အကျယ် ၂၄ ပေ၊ ထုရှစ်လက်မ ရှိပြီး ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကြံခင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ် မြို့မရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်ရှိ ကိုင်း၊ ကျွန်း မြေများတွင် နေကြာ၊ စားတော်ပဲ၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ကုလားပဲ၊ ဖူးစားပြောင်း၊ ငရုတ်၊ ဟင်းသီးဟင်းရွက်နှင့် ဆေးရွက်ကြီးတို့ကို စုစုပေါင်း စိုက်ဧက ၈၆၂ ဧကနှင့် တောင်သူ ဦးအောင်သူနှင့် တောင်သူ ၁၀ ဦး၏ တစ်ဆက်တစ်စပ်တည်း ဆင်းရွှေကြာ–၂ ဧက ၅၀ စိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ “ကောင်းသန့်” ဆီစက်သို့ သွားရောက်ခဲ့ပြီး မြေပဲ၊ နေကြာဆီများ သန့်စင်ကြိတ်ခွဲထုတ်လုပ်မှု၊ ရောင်းဝယ်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် မေတ္တာကုန်းကျေးရွာအုပ်စု ကန်ဇင်းကြီးကျေးရွာ တောင်သူ ဦးမိုးကြည် နွေစပါးစိုက်ဧက ၂၅ ဧကတွင် ပျိုးဗန်းဖြင့် ပျိုးထောင်၍ ကောက်စိုက်စက်ဖြင့် စနစ်တကျ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါး၊ နွေစပါး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆောင်ရွက်နေမှုများ၊ အထွက်တိုးမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးစေရေး၊ ခေတ်မီစိုက်နည်းစနစ်များ အသုံးပြုစိုက်ပျိုးစေရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရှမ်းပြည်နယ်၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဖေဖော်ဝါရီ ၆

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးအေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်း၊ အားကစားရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးရာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌဦးခွန်ရဲထွေးက အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ထားရှိမှုနှင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အားကစားကွင်း၊အားကစားရုံများတွင် လူတိုင်းလေ့ကျင့်ကစားနိုင်အောင် အထောက်အကူပစ္စည်းများ ပြည့်စုံစွာ စီစဉ်ပေးရန်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ရေရှည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ထိန်းသိမ်းရန် မှာကြားပြီး ရုံးခန်းမအတွင်း၌ တာဝန် ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးသို့ ရောက်ရှိရာ ဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အားကစားကွင်း၊ အားကစားရုံ အသစ်တည်ဆောက်ရန် မြေနေရာ ၃၁၃သမ ၃၄ ဧက ရွေးချယ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ရွေးချယ်ထားရှိသည့် မြေနေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ ရောက်ရှိပြီး ခန်းမအတွင်း၌ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ အရာထမ်း၊ အမှုထမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)မှ ယာယီနေရပ်စွန့်ခွာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားကာ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)မှ ယာယီနေရပ်စွန့်ခွာ မိသားစုဝင်များအတွက် အဝတ်အထည်၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေတန်ဖိုး ငွေကျပ် ၁၀၃၆၅၀၀၀၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ အရာထမ်း၊ အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀၊ ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၁၈၆၅၀၀၀ ထောက်ပံ့ပေးအပ်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ သင်တန်းသားသင်တန်းသူ အိပ်ဆောင်၊ လေ့ကျင့်ရေးအားကစားရုံနှင့် လေ့ကျင့်ရေးရေကူးကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ်နှင့်ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**တောင်ကြီး ဖေဖော်ဝါရီ ၆**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။



ထို့နောက် ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးနှင့် ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံလျက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးမျှော်လင့် တောင့်တနေသည့် တိုင်းပြည်သာယာဝပြောရေးကို ဖြစ်ပေါ်လာစေမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအားလုံး မိမိတို့ ကျရာကဏ္ဍမှ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားဒေသများတွင် စီမံကိန်းမြေယာများ အသုံးပြုရန်လျှောက်ထားလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဆိုင်ရာကိစ္စရပ်များကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ အသင်းအဖွဲ့မှတ်ပုံတင်သည့်အခါတွင် သေချာစိစစ်ရန်နှင့် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက အထွေထွေဆွေးနွေးပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်း လိုအပ်ချက်များကို အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံး ဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်က ရပ်ကွက်ကြီး (၁၀) ခရိုင်မီးသတ်ဦးစီးမှူးရုံးရှိ ခန်းမဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းကို ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ဖေဖော်ဝါရီ ၅ ရက်မှ ၁၆ ရက်အထိ သင်တန်းနည်းပြဆရာများက ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အချက်အလက်များကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချမည်ဖြစ်ရာ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား စုစုပေါင်း ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဖြိုးလူသစ်**
**(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်မှကြိုတင်ကာကွယ်နိုင်ရန် ဖေဖော်ဝါရီ ၆ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်း သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းပြီး အသိပေးနှိုးဆော်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ တစ်အိမ်တက်ဆင်းလိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

*○ကျောဖုံးမှ*

သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက် မန်စီးတီးတို့ တိုက်စစ်ဖိကစားခဲ့ပြီး ပထမပိုင်းပြီးခါနီး အချိန်ပိုတွင် ဖိုဒင်က သွင်းယူပေး၍ ပထမပိုင်းတွင် တစ်ဂိုးစီ သရေ ဖြစ်နေသည်။

ဒုတိယပိုင်းတွင်လည်း မန်စီးတီးတို့ကသာ ဖိကစားခဲ့ပြီး ဘရန့်ဖိုဒ်က ဂိုးသွင်းခွင့် အချို့သာရခဲ့သည်။ မန်စီးတီးအတွက် ၅၃ မိနစ်နှင့် မိနစ် ၇၀ တွင် ဖိုဒင်ကပင် သွင်းယူပေးကာ ဟက်ထရစ်ရရှိခဲ့သည်။ မန်စီးတီးတို့ ယခုပွဲအပြီး ၂၂ ပွဲ ကစား ၄၉ မှတ် ရရှိကာ လီဗာပူးထက် တစ်ပွဲလျော့ ၂ မှတ်အကွာဖြင့် ဖိအားပေးလျက်ရှိသည်။

**အောင်ဇော်**

# AA အဖွဲ့လုပ်ဆောင်နေသည့် မူးယစ်ဆေးဝါးလုပ်ငန်းများနှင့် ပတ်သက်၍ ထွက်ဆိုချက်များ

**နိုင်ငံတော်အစိုးရက အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသား မျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများ ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသော လမ်းကြောင်းများအား စစ်ဆေးရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေစဉ် AA အဖွဲ့မှ ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ် မက်အဖက်သမင်း ၂ တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၈၀၀ ကီလိုတို့ကို ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ ကုန်းလမ်း / ရေလမ်းတို့ဖြင့် အဆင့်ဆင့်သယ်ဆောင်ရောင်းဝယ်မှုပြုလုပ်နေသူများအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်-**



မအိအိခင်(ခ)မအိ



လှဝင်း(ခ)သားကြီး

**ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ပေးခဲ့သူ AA မှ မအိအိခင်(ခ) မအိ ၏ ဝန်ခံထွက်ဆိုမှု**

ကျွန်မတို့ လားရှိုးမှာ မောင်နိုင်ဆိုတဲ့လူကို နန်းရွှေဖြူနဲ့ကျွန်မနဲ့ သွားတွေ့တယ်။ ဒီလုပ်ငန်းကိုစပြီးတော့။ အလုပ်လည်းမရှိဘူး။ အဆင်လည်း မပြေဘူးဆိုပြီး အလုပ်ရှိတယ်။ လုပ်မလားဆိုတော့ ကျွန်မနဲ့ နန်းရွှေဖြူ အဲဒီမှာ သွားတွေ့ဖြစ်တယ်။ သွားတွေ့ဖြစ်တဲ့အချိန်မှာ သူက သိန်း၁၀၀ ရမယ်။ အားလုံးအပြီးအစီးပေါ့နော်။ အဲဒါနဲ့ ကျွန်မတို့လည်း စီးပွားရေးကျပ်နေတော့ လက်ခံလိုက်တယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဘိန်းဖြူလား၊ ဘိန်းမဲလားလို့ မေးသေးတယ်။ အဲဒါတွေ မဟုတ်ပါဘူးတဲ့။ သေချာထုပ်ပိုးပြီးမှ အားလုံးစီစဉ်ပေးလိုက်မယ်တဲ့။ အဆင်သင့် ကားပေါ်တင်သွားရုံပဲတဲ့။ နန်းရွှေဖြူက တောထဲမှာ ပစ္စည်းသွားယူတယ်။ သွားယူပြီးတော့ ကျွန်မတို့ လားရှိုးမှာ ကားကယ်ရီငှားတယ်။ ငှားပြီးတော့ အဲဒီကားမှာတင်တယ်။ သူ့ကားမှာလည်းတင်တယ်။ ကျွန်မကားမှာလည်း တင်တယ်။ နှစ်စီးတင်ပြီးတော့ ကျွန်မတို့ အောင်ပန်းအထိကို အဲဒီကားနဲ့လာခဲ့တယ်။ အဲဒီကားကို ခြောက်သိန်းနဲ့ ငှားပေးတယ်။ ကျွန်မတို့ အရင်တစ်ခေါက်က လမ်းကြောင်းကြည့်ရင်းနဲ့ အနည်းအကျဉ်း သယ်ခဲ့ဖူးတယ်။ နန်းရွှေဖြူနဲ့အတူတူပေါ့။ အန္တရာယ်မဖြစ်ဘူးဆိုတော့ ကျွန်မတို့ ဒီတစ်ခေါက်ထပ်သယ်တာပေါ့။

ကျွန်မတို့ ရန်ကုန်ရောက်လာတဲ့အချိန် ညကြီးရောက်တာပေါ့။ မနက်မိုးလင်းရောက်တော့ နန်းရွှေဖြူက ဖုန်းကချိတ်ပြီးသွားပြီ။ ပြီးတော့ သူကထွက်သွားတယ်။ ဘယ်ရောက်သွားပြီလဲမေးတော့ ၁၀ မိုင်ကုန်းမှာ ပစ္စည်းသွားပို့နေတယ်တဲ့။ အဲဒီအချိန်မှာ ကျွန်မက သူထသွားတဲ့အချိန် ကျွန်မနဲ့ရန်ဖြစ်လို့ ကျွန်မကို မခေါ်သွားတော့ဘူး။ ခဏနေကျ ကျွန်မပြန်ဆက်လိုက်တော့ လိုက်သွားလိုက်ပါဦးမယ်ဆိုပြီး ဖုန်းဆက်လိုက်တော့ ၁၀ မိုင်ကုန်း မဟုတ်ဘူး။ ဒညင်းကုန်းဘက်ရောက်သွားပြီတဲ့။ ဒညင်းကုန်းမှာသွားပို့တယ်တဲ့။ ဒညင်းကုန်းဈေးကို လိုက်ခဲ့ဆိုလို့ ကျွန်မ တက္ကစီနဲ့ လိုက်သွားတယ်။

ကျွန်မတို့ လားရှိုးကနေထွက်လာတယ်။ နမ့်ပေါင်လမ်းက မိုင်းရယ်-နမ့်ပေါင်-အင်တော-ကျောက်ဂူ- ရပ်စောက်၊ ရပ်စောက် မရောက်ခင် တောထဲမှာ ထမင်းဆိုင်ရှိတဲ့ ရေပူစမ်းရှိတဲ့နေရာမှာ တစ်ညအိပ်သေးတယ်။ တစ်ညအိပ်ပြီး မနက်ကျတော့ ရပ်စောက်ကိုဖြတ်ပြီး အောင်ပန်းကို ရောက်တယ်။ အောင်ပန်းရောက်တော့ ရန်ကုန်က တစ်ညကြိုစောင့်နေတဲ့ ကားရှိတယ်။ အဲဒီကားနဲ့ ကျွန်မတို့ချိန်းပြီးတော့ ဆက်လာခဲ့တယ်။ ကားဆရာက ရန်နိုင်စိုးပါ။ မနက်ကျမှဘဲ ကိုနိုင့်ဘက်က ဖုန်းဆက်လာတယ်။ အေး ရောက်ပြီ။ ညက ကားဘီးကပေါက်လို့ မိုးလည်း အလွန်ချုပ်တာနဲ့ အိပ်လိုက်တယ်။ ငါလည်း ပြန်မဆက်တော့ဘူးပေါ့။ အဲလိုပြောလိုက်တော့ အင်း.. ဟုတ်ပြီတဲ့။ အစ်မရောက်ပြီဆိုရင် ဖုန်းတစ်လုံးပေးမယ်နော်တဲ့ ပြီးတော့ ဖုန်းတစ်လုံးပေးတယ်။ အဲ့ဖုန်းကို ဆက်လိုက်တဲ့။ အဲ့ဖုန်းကို ဆက်လိုက်တော့ ကျွန်မကို နောက်ထပ်ဖုန်းတစ်လုံးထပ်ပေးတယ်။ အဲ့ဖုန်းက နောနော်ဆိုတဲ့ ရခိုင်လေး ဖုန်းပေါ့။ အဲ့ဖုန်းကိုဆက်ပြီးတော့ ပစ္စည်းလာယူခိုင်းတယ်။ ဒညင်းကုန်းလမ်းဆုံမှာပေါ့။ နောင်တရတယ်။ အိမ်က မိသားစုတွေ သိသွားတော့ ပိုဆိုးတာပေါ့။ အခုလိုမျိုးဖြစ်သွားတော့ နောင်တအလွန်ရတယ်။

**ရန်ကုန်မြို့ကို ရောက်ရှိလာသည့် မူးယစ်ဆေးဝါးများကို လက်ခံရန်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်ရန် လိုအပ်သည့် စီစဉ်ညွှန်ကြားမှုများကို လုပ်ဆောင်ပေးခဲ့သည့် AA အဖွဲ့မှ စီးပွားရေး တာဝန်ခံ ဗိုလ်မှူးကြီး အဆင့်ရှိသူ ကျော်မြတ်ဦး(ခ)သားသား(ခ)ဝေသာထွန်း၏ သူငယ်ချင်းဖြစ်သူ ဦးလှဝင်း (ခ) သားကြီး၏ ဝန်ခံထွက်ဆိုမှု**

AA တပ်ဖွဲ့ဝင် ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသားရဲ့ ခိုင်းစေချက်အရ ရန်ကုန်ကနေ ရခိုင်ပြည်နယ်ကိုပို့မယ့် မူးယစ်ဆေးဝါးတွေကို တာဝန်ယူပြီးတော့ ပို့ဆောင်ပေးရပါတယ်။ ကျော်မြတ်ဦး (ခ) သားသားနဲ့ ကျွန်တော်နဲ့ ငယ်ငယ်တုန်းက အိမ်နီးနားချင်း သူငယ်ချင်းတွေပါ။ ၂၀၂၃ ဩဂုတ်လ ပထမပတ်မှာ ကျော်မြတ်ဦး (ခ) သားသားကနေ ဖုန်းဆက်သွယ်လာပါတယ်။ မူးယစ်ဆေးဝါးတွေရောက်တော့မယ်ဆိုပြီးတော့ ပြောပါတယ်။ AA အဖွဲ့မှ သူ့တပည့် ဒုဗိုလ် နောနော်ဖုန်းနံပါတ် ပေးပါတယ်။ သူဆက်သွယ်လာလိမ့်မယ်လို့လည်း ပြောပါတယ်။ နောနော် ဖုန်းဆက်ပြီးတော့ ကျွန်တော်နဲ့ အချိတ်အဆက်ရပါတယ်။ ကားသမားတွေ ဖုန်းဆက်လာပါတယ်။ အဲဒီမှာ ကျွန်တော့် ကားသမားတွေနဲ့ AA အဖွဲ့က ဒုဗိုလ် နောနော်နဲ့ ချိတ်ဆက်ပေးလိုက်ပါတယ်။ ဒုဗိုလ် နောနော်က မူးယစ်ဆေးဝါးတွေ သွားယူပါတယ်။ ဂိုဒေါင်ကိုရောက်တဲ့အချိန်မှာ သူ ကျွန်တော့်ကို ဖုန်းဆက်လာပါတယ်။ အိုက်စ် မူးယစ်ဆေးဝါး ၂၅ အိတ် ဂိုဒေါင်ထဲရောက်ပြီဆိုပြီး ပြောပါတယ်။ ကျော်မြတ်ဦး (ခ) သားသား မှာထားတဲ့အတိုင်း အိုက်စ်မူးယစ်ဆေးဝါး ၁ ကီလိုထုပ်တွေကို ဂျပ်ဖာကနေပြီးတော့ သေချာထုပ်ပိုးဖို့ AA အဖွဲ့မှ ဒုဗိုလ် နောနော်ကို ကျွန်တော် ပြန်ပြောပြလိုက်ပါတယ်။ နောက် ဒုတိယအကြိမ်အဖြစ် ၂၀၂၃ ဩဂုတ်လ တတိယအပတ်မှာ သားသား (ခ) ကျော်မြတ်ဦးက မူးယစ်ဆေးဝါးတွေ ထပ်ရောက်ဖို့ ဆိုပြီးတော့ ဖုန်းဆက်လာပါတယ်။ ဒုဗိုလ်နောနော်ကနေပြီးတော့ အဲကားသမားနဲ့ ဖုန်းဆက်ပြီးတော့ ပစ္စည်းသွားယူပါတယ်။ ဂိုဒေါင်ရောက်တဲ့အချိန်မှာ ကျွန်တော့်ကို ဖုန်းပြန်ဆက်ပါတယ်။ အိုက်စ် မူးယစ်ဆေးဝါး ၁၆ အိတ် လက်ခံရရှိတယ်ဆိုပြီးတော့ ပြောပါတယ်။ ဩဂုတ်လ စတုတ္ထအပတ်မှာ ကျော်မြတ်ဦး (ခ) သားသားက ကျွန်တော့်ကို ဖုန်းဆက်သွယ်လာပါတယ်။ ဂိုဒေါင်က ပစ္စည်းတွေကို တနင်္သာရီသင်္ဘောပေါ်ကို ချပေးဖို့ ပြောပါတယ်။ ကျွန်တော်က ဒုဗိုလ်နောနော်ကို ဖုန်းဆက်ပြီးတော့ ဂိုဒေါင်ထဲက ပစ္စည်းတွေကို ရွှေပြည်သာရှိ မုတ္တမဆိပ်ကမ်းကို ချဖို့အတွက် ကျွန်တော်ပြောပါတယ်။ ကားငှားပြီး ချပေးလိုက်လို့ ပြောပါတယ်။ သူချပေးပြီးတဲ့ အချိန်ကျတော့ ကျွန်တော့်ကို ဖုန်းဆက်ပါတယ်။ ပစ္စည်းတွေချပေးပြီးပြီဆိုပြီးတော့။ အဲဒီအချိန်မှ AA ကနေ ဗိုလ်မှူးကြီး အဆင့်ရှိတဲ့ ကျော်မြတ်ဦး (ခ) သားသားက လူကြုံနဲ့ ကျွန်တော့်ကို ပိုက်ဆံ သိန်း ၁၀၀ ပေးခိုင်းပါတယ်။ ဒီဩဂုတ်လအတွက် လုပ်ဆောင်ချက်ဆိုပြီးတော့ ပြောပါတယ်။ ၂၀၂၃ နိုဝင်ဘာလ ပထမအပတ်မှာ သားသား(ခ)ကျော်မြတ်ဦးက ကျွန်တော့်ကိုထပ်ပြီး ဆက်သွယ်လာပါတယ်။ မူးယစ်ဆေးဝါးတွေ ထပ်ရောက်မယ်ဆိုပြီး ပြောပါတယ်။ ကားသမားဖုန်းနံပါတ်လည်းပေးပါတယ်။ အဲဒီအချိန်မှာ ကားသမားဖုန်းနံပါတ်နဲ့ ကျွန်တော့်ကားသမားနဲ့ အဆက်အသွယ်ရပါတယ်။ ၉ မိုင် Ocean နားမှာ ပစ္စည်းပေးဖို့ ပြောပါတယ်။ ကျွန်တော် AA အဖွဲ့က ဒုဗိုလ် နောနော်ကို ဖုန်းဆက်ပြီးတော့ ၉ မိုင်Ocean နားကို ခေါ်လိုက်ပါတယ်။ ဟိုတယ်ကိုတော့ မမှတ်မိပါဘူး။ မြေအောက် ကားပါကင်မှာ နေပြီးတော့ ကားရှိတယ်ဆိုပြီး ပြောပါတယ်။ လူတော့ မတွေ့ရပါဘူး။ နောနော်ကို ကျွန်တော်အဲဒီမှာ ကား Super Custom ကားတစ်စီးသွားယူလိုက်ဆိုပြီးတော့ နောနော်ကားကို ယူသွားပါတယ်။ အိုက်စ်မူးယစ်ဆေးဝါး ပီနံအိတ် ၅၇ အိတ် ရရှိတယ်ဆိုပြီး ပြောပါတယ်။ နိုဝင်ဘာလ ဒုတိယအပတ်မှာ AA အဖွဲ့မှ ဒုဗိုလ် နောနော်ကနေပြီးတော့ ဖုန်းဆက်ပြီးတော့ ပီနံအိတ် ၄၀ လက်ခံရရှိကြောင်းကို ကျွန်တော့်ကိုပြောပါတယ်။ နောက် တစ်ရက် နှစ်ရက်နေတော့ နောနော်ကနေပြီးတော့ ရွှေပြည်သာ စက်မှုဇုန်ကော်မတီကနေပြီးတော့ ဂိုဒေါင်တွေကိုဝင်ပြီး စစ်ဆေးရေးလုပ်မယ်ဆိုပြီး ဖုန်းဆက်ပါတယ်။ ကျွန်တော်ကနေ သားသားကို ဖုန်းဆက်ပြီး အကြောင်းကြားပါတယ်။ နောနော် ကတော့ ဂိုဒေါင်ထဲမှာ ဘိလပ်မြေတွေ ထည့်ထားချင်တဲ့အကြောင်း၊ ပစ္စည်းတွေကို ကားပေါ်မှာ တင်ထားပြီး ရွှေ့ထားချင်တဲ့အကြောင်း ပြောပါတယ်။ သားသားကို ပြောလိုက်တဲ့အခါကျတော့ သားသားက ကားဝယ်လိုက်လို့ပြောပါတယ်။ ဘိလပ်မြေလည်း ဝယ်ပေးလိုက်လို့ပြောပါတယ်။ ကျွန်တော်က ကားရှာပြီး Canter အမျိုးအစား Box ကား အမျိုးအစားတစ်စီး ရှာလိုက်ပါတယ်။ သိန်း ၃၂၀ ကျပါတယ်။ ဘိလပ်မြေက ၄၉ သိန်းကျပါတယ်။ အဲဒီပိုက်ဆံတွေကိုတော့ သားသား ဖုန်းအဆက်အသွယ်နဲ့ ဆက်သွယ်ပေးပြီး အင်းစိန်ဈေးနားမှာ ငွေသားလာပေးပါတယ်။ အခုဝယ်ထားတဲ့ Canter အမျိုးအစား Box ကားပေါ်ကို အဲဒီမူးယစ်ဆေးဝါးတွေ၊ ဂျပ်ဖာတွေ ရောက်နေတဲ့ပစ္စည်းတွေကို တင်လိုက်ပါတယ်။ တင်ခိုင်းပြီးတော့ လမ်းမတော်ဘက်ကို မောင်းခိုင်းပါတယ်။ လမ်းမတော်မှာ ခုနစ်ရက်၊ လမ်းမတော်ကနေ အခြားပန်းဘဲတန်းဘက်မှာ ခုနစ်ရက်နဲ့ အဲလိုရွှေ့ပြီး ကားက ကလပ်မကောင်းတော့ တောင်ဥက္ကလာရဲ့ မေတ္တာလမ်းက ဝပ်ရှော့တစ်ခုမှာ ကလပ်သွားပြင်ပါတယ်။ အဲဒီမှာပဲ ဖမ်းမိသွားပါတယ်။ ဒါပေမယ့် နောနော်ရဲ့ ပြောကြားချက်အရတော့ အဲဒီလထဲမှာ သူ သုံးကြိမ် လက်ခံထားတာ ပီနံအိတ် ၃၈အိတ် လက်ခံရရှိတယ်လို့ ပြောပါတယ်။ နိုဝင်ဘာလ ဒုတိယပတ်မှာ AA အဖွဲ့က ဗိုလ်မှူးကြီး အဆင့်ရှိတဲ့ သားသား (ခ) ကျော်မြတ်ဦးက ကျွန်တော့်ကို ဖုန်းဆက်သွယ်လာပါတယ်။ AA အဖွဲ့မှ ဒုဗိုလ် နောနော်တို့နဲ့ ဆက်သွယ်ပြီး နောနော်တို့နဲ့အတူ လက်တွဲလုပ်ဖို့အတွက်ကို စိုးထွန်းကို လွှတ်လိုက်မယ်ဆိုပြီး ပြောပါတယ်။ စိုးထွန်းကို အိမ်တစ်လုံးငှားပေးဖို့ ကျွန်တော်နဲ့ စိုးထွန်းနဲ့ မြောက်ဒဂုံမှာ သွားရှာပြီး ၃၄ ရပ်ကွက်မှာ စိုးထွန်းကြိုက်တဲ့ အိမ်ကို တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ အဲဒီမှာ တစ်လကို ခြောက်သိန်းခွဲနဲ့ တစ်နှစ် စာချုပ်ချုပ်ဖို့အတွက် သားသားဆီကနေ ပိုက်ဆံလူကြုံနဲ့ လာပေးပါတယ်။ ၂၀၂၂ ဖေဖော်ဝါရီလမှာ သားသား(ခ)ကျော်မြတ်ဦးက ကျွန်တော့်ကို ဖုန်းဆက်သွယ်လာပါတယ်။ မူးယစ်ဆေးဝါးတွေ ရေကြောင်းက သယ်မယ့်အကြောင်း ပြောပါတယ်။ အဲဒီအချိန်မှာ သူက သင်္ဘောလိုတယ်ဆို သင်္ဘောဝယ်လိုက်လို့ ပြောပါတယ်။ လူကိုလည်း လွှတ်ပေးမယ်လို့ ပြောပါတယ်။ တနင်္သာရီအမည်ရှိ သင်္ဘော တစ်စင်း အဆက်အသွယ်ရပါတယ်။ စက်လှေကတော့ သိန်း ၈၀၀ တောင်းပါတယ်။ သူ လူကြုံနဲ့၊ သူ့အဆက်အသွယ်နဲ့ ကျွန်တော့်ကို ပိုက်ဆံ သိန်း ၈၀၀ လာပေးပါတယ်။ ၂၀၂၃ ဩဂုတ်လထဲမှာပဲ ဒီတနင်္သာရီအမည်ရှိ သင်္ဘောနဲ့ ပထမဦးဆုံးအကြိမ် မူးယစ်ဆေးဝါး တစ်ကြိမ်ပို့ပြီး သွားပါပြီ။

*စာမျက်နှာ ၁၄ သို့*



မူးယစ်ဆေးဝါးများ တင်ဆောင်သော တနင်္သာရီအမည်ရှိ သင်္ဘောကို တွေ့ရစဉ်။

*စာမျက်နှာ ၁၃ မှ*

AA တပ်ဖွဲ့ဝင်တွေ၊ မူးယစ်ဆေးဝါးထားမယ့် ဂိုဒေါင်တွေ၊ ရွှေ့ပြောင်းမယ့် Box ကားတွေ၊ AA တပ်ဖွဲ့ဝင်တွေနေမယ့်အိမ်တွေ၊ သင်္ဘောတွေ ဝယ်မယ့် ပိုက်ဆံကိုရော၊ ကျွန်တော့်အတွက် အကျိုးဆောင်ခ သိန်း ၁၀၀ ကိုရော AA စီးပွားရေးတာဝန်ခံ ကျော်မြတ်ဦး (ခ) သားသားက ပေးပါတယ်။ ဒီ AA ရဲ့ မူးယစ်ဆေးဝါးရောင်းလို့ရတဲ့ ပိုက်ဆံတွေကိုတော့ သူတို့အဖွဲ့ရဲ့ လက်နက်ခဲယမ်းတွေ၊ လူတွေစုဆောင်းတယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။ AA အဖွဲ့နဲ့ပူးပေါင်းပြီး သယ်ဆောင်တဲ့ကိစ္စတစ်ခုမှာ တိုင်းပြည်နဲ့ လူငယ်တွေအတွက် ကျွန်တော်များစွာ နောင်တရမိပါတယ်။

**AA အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသား (ခ) ဝေသာထွန်း၏ တိုက်ရိုက်စေခိုင်းမှုဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် မူးယစ်ဆေးဝါးများကို သွားရောက်ယူဆောင်မှုများနှင့် ရခိုင်ပြည်နယ်သို့ ဆက်လက်ပို့ဆောင်နိုင်ရေးတို့ကို ကိုယ်တိုင်ဆောင်ရွက်ခဲ့သည့် AA အဖွဲ့မှ ဒုတိယဗိုလ်အဆင့်ရှိ ကျော်စိုး (ခ) နေလင်းထွန်း (ခ) နောနော် ၏ ဝန်ခံထွက်ဆိုမှု**

ကျွန်တော် AA တပ်ဖွဲ့ဝင် ဒုဗိုလ်အဆင့် ကျော်စိုး (ခ) နေလင်းထွန်း (ခ) နောနော် ဖြစ်ပါတယ်။ ကိုယ်ပိုင်အမှတ်၊ ၀၁၀၄ ဖြစ်ပါတယ်။ AA အဖွဲ့ကို ရောက်ခဲ့ကတည်းက ၂၀၁၀ ပြည့်နှစ်မှာ စစ်ပညာသင်တန်း ၄၅ ရက်တက်ခဲ့ပါတယ်။ ပြီးတော့ တာဝန်တွေက တပ်စိတ်ထဲမှာ ရဲဘော်ဘဝနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော် စိန်ယုဘုံတောင်မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ဖို့ လိုက်သွားခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် အထိ AA တပ်စခန်းမှာ စိုက်ပျိုးမွေးမြူရေးတာဝန် ထမ်းဆောင်ခဲ့ပါတယ်။ AA တပ်ဖွဲ့ဝင် စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး (ခ) ဝေသာထွန်းက ကျွန်တော့်ကို ရန်ကုန်မှာ မူးယစ်ဆေးဝါးလုပ်ဖို့အတွက် လွှတ်လိုက်ပါတယ်။ AA တပ်ဖွဲ့ ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး (ခ) ဝေသာထွန်းက ကျွန်တော့်ကို ရွှေပြည်သာမှာ ဂိုဒေါင်တစ်လုံးကို ငှားပြီးတော့ မူးယစ်ဆေးဝါးလုပ်ရမယ်လို့ ကျွန်တော်တို့ကို ပြောခဲ့ပါတယ်။ ကျွန်တော်တို့ ရွှေပြည်သာမှာ ဂိုဒေါင်ကို တစ်လ ၂၅ သိန်းနဲ့ ငှားပြီးတော့ ဂိုဒေါင်မှာ မူးယစ်ဆေးဝါးတွေကို သိုလှောင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးတွေကို ဂိုဒေါင်ထဲမှာ လှောင်ပြီးတော့ ကျွန်တော်တို့က ရွှေပြည်သာမြို့နယ် မုတ္တာမဆိပ်ကမ်းကို သင်္ဘောရောက်တာနဲ့ ဂိုဒေါင်ထဲက မူးယစ်ဆေးဝါးတွေကို သင်္ဘောထဲမှာ ချခဲ့ပါတယ်။ AA စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး (ခ)ဝေသာထွန်း က သန်းဝင်း (ခ) ရန်နိုင်ကတစ်ဆင့် မူးယစ်ဆေးဝါးတွေကို လက်ခံရမယ်လို့ပြောပါတယ်။ ၈ လပိုင်း ၅ ရက်နေ့ ဒညင်းကုန်းလမ်းဆုံမှာ ၁ ကီလိုပါ အိုက်စ် မူးယစ်ဆေးဝါး ၆၂၀ တစ်ကြိမ်၊ ဩဂုတ်လ ၁၅ ရက်မှာ ဒညင်းကုန်းလမ်းဆုံမှာ အိုက်စ်မူးယစ်ဆေးဝါး အထုပ် ၁ ကီလိုပါ အထုပ် ၄၀၀ တစ်ကြိမ်၊ နိုဝင်ဘာ ၇ ရက်နေ့ AA စီးပွားရေး တာဝန်ခံ ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး (ခ) ဝေသာထွန်း က ဖုန်းဆက်ခဲ့ပြီးတော့ ၉ မိုင် Ocean ဟိုတယ် ကားပါကင်ထားတဲ့နေရာမှာ ကျွန်တော် မူးယစ်ဆေးဝါး ၁ ကီလိုပါ အထုပ် ၁၄၀ တစ်ကြိမ်၊ နိုဝင်ဘာ ၁၀ ရက်နေ့ ဒညင်းကုန်းလမ်းဆုံ ဈေးနားမှာ မူးယစ်ဆေးဝါး ပီနံအိတ် ၄၀ တစ်ကြိမ်၊ နိုဝင်ဘာ ၂၃ ရက်နေ့ ဒညင်းကုန်းလမ်းဆုံမှာ ၁ ကီလိုပါ အိုက်စ်မူးယစ်ဆေးဝါး ၁၇၅ ထုပ် ၁ ကြိမ်၊ နိုဝင်ဘာ ၂၄ ရက်မှာ ဒညင်းကုန်းလမ်းဆုံမှာ ၁ ကီလိုပါ အိုက်စ် မူးယစ်ဆေးဝါး အထုပ် ၉၀ တစ်ကြိမ်၊ နိုဝင်ဘာ ၂၅ ရက်နေ့ ဒညင်းကုန်းလမ်းဆုံမှာပဲ ၁ ကီလိုပါ အိုက်စ်မူးယစ်ဆေးဝါး အထုပ် ၆၀၀ တစ်ကြိမ်၊ စုစုပေါင်း ခုနစ်ကြိမ် ၁ ကီလိုပါ မူးယစ်ဆေးဝါး အိုက်စ် ၃၀၂၅ ထုပ်နဲ့ မူးယစ်ဆေးဝါး ပီနံအိတ် ၄၀ ကို သွားယူပြီးတော့ ဂိုဒေါင်ထဲမှာ သိုလှောင်ခဲ့ပါတယ်။ ဂိုဒေါင်ထဲမှာ ရောက်ရှိလာတဲ့ မူးယစ်ဆေးဝါးတွေကို ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး(ခ)ဝေသာထွန်း ခိုင်းတဲ့အတိုင်း မူးယစ်ဆေးဝါးအထုပ်ကို ဂျပ်ဖာထဲထည့်ပြီးတော့



AA အဖွဲ့မှ ဒုတိယဗိုလ်အဆင့်ရှိ ကျော်စိုး (ခ) နေလင်းထွန်း (ခ) နောနော်



မူးယစ်ဆေးဝါးများကို ရေလမ်းမှ သယ်ဆောင်ပေးသူ စိုးပိုင် (ခ) စိုးစိုး

ဂိုဒေါင်ထဲမှာ သိုလှောင်ခဲ့ပါတယ်။ ဂိုဒေါင်မှာရှိတဲ့ မူးယစ်ဆေးဝါးတွေကို ဗိုလ်မှူးကြီး သားသား (ခ) ကျော်မြတ်ဦး (ခ) ဝေသာထွန်းက ဖုန်းဆက်လာပြီးတော့ ကျွန်တော့်ကို ရွှေပြည်သာ မုတ္တာမဆိပ်ကမ်းကို မူးယစ်ဆေးဝါး ၅၁ ဖာကို ပို့ပေးရမယ်လို့ပြောပါတယ်။ အဲဒါနဲ့ ကျွန်တော် အဲဒီ မူးယစ်ဆေးဝါး ၅၁ ဖာ ပို့ပေးဖို့အတွက် Hijet ကားတစ်စီးငှားခဲ့ပါတယ်။ ကားတစ်စီးငှားပြီးတော့ မူးယစ်ဆေးဝါး ၅၁ ဖာကို ကျွန်တော် ကားပေါ်တင်ပြီးတော့ တနင်္သာရီသင်္ဘောပေါ်ကို မုတ္တာမဆိပ်ကမ်းမှာ ပို့ပေးခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော် တနင်္သာရီသင်္ဘောပေါ်မှာရှိတဲ့ စိုးပိုင်(ခ)စိုးစိုး ကို ပြောပြီးတော့ တနင်္သာရီသင်္ဘောထဲမှာ မူးယစ်ဆေးဝါး ၅၁ ဖာကို ချပေးခဲ့ပါတယ်။ ဗိုလ်မှူးကြီး သားသား(ခ) ဝေသာထွန်းက ကျွန်တော်တို့ကို ရန်ကုန်မှာ မူးယစ်ဆေးဝါးလုပ်ဖို့အတွက် တိုက်ရိုက်ခိုင်းခဲ့ပါတယ်။ မူးယစ်ဆေးဝါးလုပ်တဲ့အချိန်မှာ ကျွန်တော်တို့ကို တစ်လသုံးသိန်းပေးပါတယ်။ အရင်တုန်းက ကျွန်တော်တို့ လစာ မရခဲ့ပါဘူး။ ဒီမူးယစ်ဆေးဝါးလုပ်တဲ့အချိန်မှာပဲ ကျွန်တော်တို့ကို တစ်လသုံးသိန်းပေးပါတယ်။ ကျွန်တော်တို့ AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါး လုပ်နေတာကို ဗိုလ်ချုပ် ထွန်းမြတ်နိုင်လည်း သိပါတယ်။ သူခိုင်းလို့ လုပ်ရတာပါ။ ကျွန်တော်တို့ AA တပ်ဖွဲ့ဝင်တွေအနေနဲ့ တခြားနိုင်ငံ ဒေသတွေကိုလည်း မူးယစ်ဆေးဝါးပို့ဆောင်တာလည်းရှိပါတယ်။ ကျွန်တော်တို့ကို မဖမ်းမိခင်တုန်းက မလေးရှားနိုင်ငံကိုပို့မယ့် မူးယစ်ဆေးဝါးတွေ သွားတုန်းမှာ ဖမ်းမိတဲ့သတင်းကိုလည်း ကျွန်တော်တို့ ကြားပါတယ်။ ရေကြောင်းကပို့တာ မိတာပါ။ ကျွန်တော်တို့ AA အဖွဲ့က လုပ်ဆောင်တာပါ။ ကျွန်တော်တို့ AA တပ်ဖွဲ့ဝင်အနေနဲ့ မူးယစ်ဆေးဝါး ရောင်းရတဲ့ပိုက်ဆံတွေကို ကျွန်တော်တို့သုံးစွဲနေရတာ ကျွန်တော်တို့ စိတ်မလုံပါဘူး။ ပထမတစ်ကြိမ် ရေကြောင်းကပို့လိုက်တဲ့ မူးယစ်ဆေးဝါးတွေကို စစ်တွေကို ပို့လိုက်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်။ နောင်တလည်းရမိပါတယ်။

**ရန်ကုန်မြို့မှ စစ်တွေမြို့သို့ မူးယစ်ဆေးဝါးများကို ရေလမ်းမှ သယ်ဆောင်ပေးခဲ့ကြသည့် ပွဲထိန်း စိုးပိုင်(ခ)စိုးစိုး ၏ ဝန်ခံထွက်ဆိုမှု**

၂၀၂၂၊ ၄ လပိုင်းလောက်မှာမှ စပြီးတော့ ကိုသားကြီးကနေပြီးတော့ ကျွန်တော့်ကို ရန်ကုန်မှာအလုပ်လုပ်ဖို့ဆိုပြီး သင်္ဘောမောင်းဖို့ဆိုပြီး ကျွန်တော့်ကို ဆက်သွယ်လာပြီးတော့ ကျွန်တော် ရန်ကုန်ကို ၅ လပိုင်းထဲမှာရောက်လာပါတယ်။ ၅ လပိုင်းမှာရောက်တာနဲ့ ကျွန်တော်နဲ့ ကိုကျော်ဟန်ဆိုတဲ့တစ်ယောက်ကို ကျွန်တော်နဲ့ဆက်သွယ်ပေးပြီးတော့ ကျွန်တော်တို့ သင်္ဘောဆီကိုစပြီးတော့သွားပါတယ်။ သင်္ဘောကိုရောက်တဲ့အချိန်မှာ သင်္ဘောမှာအစောင့် သုံးယောက်ရှိပါတယ်။ ကျွန်တော်တို့ ရောက်တာနဲ့ သူတို့ကပြန်သွားပါတယ်။ နောက်ရက်တွေမှာကျတော့ ကိုကျော်ဟန်ရယ်၊ ကိုသားကြီးရယ် သူတို့ရဲ့အဆက်အသွယ်တွေနဲ့ နောက်သင်္ဘောသားတွေကို ဆက်သွယ်ပြီးတော့ သင်္ဘောပေါ်ရောက်လာပါတယ်။ သူတို့ရဲ့ အဆက်အသွယ်နဲ့ ကျွန်တော့်လစာက တစ်လကို ငါးသိန်းဖြစ်ပါတယ်။ ကြားထဲမှာ အသုံးလိုလို့ရှိရင် ကြိုတင်ငွေအဖြစ် သုံးသိန်းလိုလို၊ ငါးသိန်းလိုလို လိုအပ်ရင် ထုတ်ပေးတာတွေရှိပါတယ်။ တနင်္သာရီ (၁) သင်္ဘောနဲ့ ကျွန်တော် ရန်ကုန်နဲ့စစ်တွေခရီးစဉ် စုစုပေါင်း ခုနစ်ခေါက်သွားပြီးပါပြီ။ ၆ ကြိမ်အထိ ဘိလပ်မြေအိတ် ၅၀၀၀ တင်ပြီးတော့ ရန်ကုန် – စစ်တွေသွားခဲ့ပါတယ်။ ခုနစ်ခေါက်မြောက်သွားတဲ့အခါမှာတော့ ရွှေပြည်သာဆိပ်ကမ်းကနေပြီးတော့ ဆန်အိတ် ၄၆၀ တင်ပါတယ်။ ပြီးရင် ရွှေပြည်သာဆိပ်ကမ်းရဲ့အနီး မိဘမေတ္တာဆိပ်ကမ်းကနေပြီးတော့ နောက်ထပ် ဘိလပ်မြေတွေတင်ပါတယ်။ ဘိလပ်မြေတွေတင်ပြီးတော့ ဂျပ်ဖာ ၅၁ ဖာကိုပါ အဲဒီဆိပ်ကမ်းကနေပဲ တင်လာပါတယ်။ ဂျပ်ဖာတင်မယ့် အချိန်မှာတော့ ကိုသားကြီးက ကျွန်တော့်ကို ဆက်သွယ်ပြီးတော့ ဒီဂျပ်ဖာလေးတွေက နည်းနည်းအရေးကြီးတယ်။ ဒီဂျပ်ဖာလေးတွေ နည်းနည်းဂရုစိုက်ပါ။ ဂျပ်ဖာလေးတွေ လာပို့မယ့်တစ်ယောက်ကို ကျွန်တော့်ဖုန်းနံပါတ်ပေးထားတယ်။ သူဆက်သွယ်လာလိမ့်မယ် ဆိုပြီး ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်နောက်မှသိရတဲ့ နောနော် ဆိုတဲ့တစ်ယောက် ကျွန်တော့်ကို ဆက်သွယ်လာပြီးတော့ ဂျပ်ဖာ ၅၁ ဖာကို Hijet နဲ့ ပို့ပေးသွားပါတယ်။ ဒီခရီးစဉ်ပြီးလို့ရှိရင် ကိုသားကြီးက တော့ ကျွန်တော့်ကို ပိုက်ဆံသိန်း ၅၀ ပေးမယ်လို့တော့ ပြောပါတယ်။ ရန်ကုန်ကနေ စစ်တွေကိုသွားလို့ရှိရင် ကျွန်တော်က ရန်ကုန်မြစ်ထဲကနေ ဆိပ်ကြီးခနောင်တိုချောင်းထဲမှာ စပြီးကျောက်ချနေပြီးတော့ ရေအတက်လေးနဲ့ ဆိပ်ကြီးခနောင်တိုကနေ တွံတေးတူးမြောင်းကိုဖြတ်ပါတယ်။ တွံတေးတူးမြောင်းကနေ မအူပင် – ဝါးခယ်မ – မြောင်းမြ – ငပုတော အောက်နားလေးကဖြတ်ပြီးတော့ ဟိုင်းကြီး၊ ပြီးရင် မော်တင်စွန်း အပြင်ဘက်ကနေပြီးတော့ ငရုပ်ကောင်းအပြင်၊ ချောင်းသာအပြင်၊ ငွေအပြင် ကမ်းရိုးတန်းတစ်လျှောက်သွားပြီးမှ စစ်တွေကိုတစ်လျှောက် မောင်းသွားပါတယ်။ ကျွန်တော် ဟိုးအရင်ငယ်ငယ်ကတည်းကလည်း ၂၀၀၃ လောက်ကစပြီး တောင်ကုတ်မှာ သင်္ဘောတွေကို ရိုးရိုးသားသား အေးအေးဆေးဆေးနဲ့ပဲမောင်းပြီးနေလာခဲ့တာပါ။ အလုပ်တွေရှားလာတဲ့ အချိန်ကျမှ ကိုသားကြီးရဲ့ အဆက်အသွယ်နဲ့ ဒီကိုရောက်လာပြီးတော့ ဒီလို အေးအေးဆေးဆေးလေး တရားဝင်ပစ္စည်းလေးတွေသယ်ပြီးတော့ သွားရမယ်ဆိုပြီးတော့ ကျွန်တော်ရောက်လာပြီးလုပ်ဖြစ်ခဲ့တာပါ။ ဒီလိုမျိုး တရားမဝင်ပစ္စည်းတွေ တင်ပြီးသွားမယ်ဆိုရင် တကယ် ကျွန်တော် လုပ်ဖြစ်ခဲ့မှာမဟုတ်ပါဘူး။ အခုမှ ဒီလိုမျိုး AA တပ်ဖွဲ့ဝင်တွေလည်း ပါတယ်။ တရားမဝင်ပစ္စည်းတွေလည်းပါတယ်ဆိုတာကို အခုမှသိရတဲ့ အခါကျတော့ ကျွန်တော်တကယ် စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော့်မှာ သားလေးနှစ်ယောက်ရှိပါတယ်။ ဘဝရပ်တည်ရေးအတွက် သူတို့ ရှေ့ရေးအတွက် ကျွန်တော်တွေးပြီး တော်တော်ကြီး စိတ်မကောင်း ဖြစ်ရပါတယ်။ တရားဝင်ဘိလပ်မြေလေးတွေတင်ပြီးတော့ တရားဝင် အေးအေးဆေးဆေးသွားမယ်ဆိုပြီးပြောထားပြီးမှ နောက်ဆုံး ဒီလို မူးယစ်ဆေးဝါးတွေပါမယ်ဆိုတာလည်း ဘာမှမသိရဘဲနဲ့ ဒီလိုမျိုး ဖြစ်လာပြီးမှ သိရတဲ့အခါကျတော့ လူတစ်ယောက်ကို သက်သက်အသုံးချသွားတာလို့ပဲ ပြောရမှာပေါ့။ ကျွန်တော့်ရဲ့ လုပ်တာ၊ ကိုင်တာလေးတွေကို သက်သက်အသုံးချသွားတယ်လို့ပဲ ပြောရမှာပေါ့။ ဒီလိုမျိုးပစ္စည်းတွေကို မသိဘဲနဲ့ ကျွန်တော်ပို့ပေးခဲ့မိတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ ရခိုင်ကလူငယ်တွေနဲ့ မိဘတွေကိုလည်း ကျွန်တော် အများကြီးတောင်းပန်ပါတယ်။ ဒီလိုမျိုး ပစ္စည်းမျိုးတွေကို မသုံးမိဖို့အတွက် ပြောချင်ပါတယ်။ စစ်တွေကနေပြီးတော့ ဒီပစ္စည်းတွေကို ကျွန်တော်ထင်တာကတော့ နယ်စပ်ကနေတစ်ဆင့် တစ်ဖက်နိုင်ငံတွေကို ပို့မယ်လို့ထင်ပါတယ်။ နယ်စပ်ဘက်တွေမှာလည်း မူးယစ်ဆေးဝါးဖမ်းဆီးရမိတဲ့ သတင်းမျိုးတွေကြားဖူးပါတယ်။ AA အနေနဲ့လည်း မူးယစ်ဆေးဝါးကရတဲ့ငွေတွေနဲ့ ရခိုင်လူငယ်တွေကို လက်နက်ခဲယမ်းတွေအတွက် အသုံးမပြုသင့်ဘူးလို့တော့ ထင်ပါတယ်။

*စာမျက်နှာ ၁၆ သို့*





ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြစ်မှုကျူးလွန်သူများ။

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေး အဓိပတိလေးပါး ...

မိုးမြင့်

အားလုံးဟာတိုင်းရင်းသားချင်း ညီရင်းအစ်ကိုမောင်ရင်းနှမတွေပါပဲ။ ပြည်ထောင်စုဖွား သွေးရင်းသားရင်းတွေပါ။ ပြည်ထောင်စုစိတ်ဓာတ်မှာ ဘယ်လူမျိုး၊ ဘယ်မျိုးစုကမှ မကြီးစိုး၊ ကြီးစိုးခွင့်လည်းမရှိ။ လူမျိုးကြီးဝါဒဟူ၍လည်း မကျင့်သုံး၊ မိသားစုလို သဘောထား၊ မိတ်ဆွေလိုချစ်ခင်ကြသလို အားလုံးက ချစ်ချစ်ခင်ခင် သဘောထားပါတယ်။ အသိုက်အမြုံတစ်ခုတည်းကမို့ အနိုင်ကျင့်လိုတဲ့စိတ်မရှိ၊ အားနည်းသူကို အကူအညီပေး ဖေးမ၊ အေးအတူပူအမျှသဘောထား တန်းတူရည်တူရှိအောင် ဆောင်ရွက်ပေးတာပဲရှိပါတယ်။

### ယခုလိုအချိန်မှာ အခြေခံဥပဒေ ဘောင်အတွင်းကသာ

အားလုံးက ညီညွတ်ကြ၊ စည်းလုံးကြရင် ခရီးရောက်မှာပဲပေါ့။ ယခုအချိန်အခါ၊ ယခုလိုအခြေအနေမှာ အမျှတဆုံး အသင့်တော်ဆုံးဟူ၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး တစ်ခုကိုပဲ အားကိုးနေရမှာ။ ပြည်ထောင်စုကြီးမပြိုကွဲအောင်လည်း ဒီ ၂၀၀၈ ပဲ။ တို့ တိုင်းရင်းသားအချင်းချင်းစည်းလုံးကြဖို့ကလည်း ဒီဖွဲ့စည်းပုံပဲ။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ မကျိုးပျက်အောင်လည်း ဒီပင်မဥပဒေကြီးကပဲ ထိန်းထားပေးတာ။ ဒီစာအုပ်ကြီးထဲမှာပဲ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်အားလုံးပါတယ်။

တိုင်းရင်းသား တန်းတူရည်တူ အခွင့်အရေးတွေပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအားလုံးအတူတူ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်တယ်။ ထိထိရောက်ရောက် မကျင့်သုံးနိုင်ကြလို့သာ၊ ဒါကြောင့်လည်း အနာခံပြီး ဒီဥပဒေကြီးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေရတာ၊ ဘာမှမမြဲတဲ့ သဘောတရားတစ်ခုမို့ အတိုင်းအတာတစ်ခုအထိပေါ့။ ကိုယ်လိုချင်တာ ကိုယ်ပြင်ချင်တာရှိရင် နိုင်ငံရေးပါတီထောင်၊ လူထုကြိုက်အောင်လုပ်၊ ရွေးကောက်ခံဖြစ်အောင်လုပ်၊ လွှတ်တော်ထဲဝင်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအတွက် အများကြီးလုပ်လို့ရပါတယ်။ ပေးထားချက်ကိုယူ၊ ဖွင့်ထားတဲ့လမ်းမှာ လွယ်လွယ်ကူကူ ရိုးရိုးရှင်းရှင်းလေး ညင်ညင်သာသာလေး လျှောက်လှမ်းရုံသာ။ ဘာဖြစ်လို့ သွေးညှီနံ့တသင်းသင်းနဲ့ သွေးခင်းတဲ့လမ်းကို လျှောက်ကြမလဲ။ သွေးစွန်းတဲ့လမ်းကို ဘာလို့ရွေးမလဲ၊ လက်နက်ကိုင်တယ်ဆိုတာ ပြည်သူကို ကာကွယ်ဖို့မဟုတ်ရင် အဖျက်သက်သက်ပဲဆောင်မယ်။ ဒါဆို လူမိုက်ဖြစ်သွားပြီ။ လူမိုက်နဲ့လက်နက်ကိုင်လမ်းစဉ် ဘယ်ပြည်သူ ဘယ်တိုင်းရင်းသားကမှ မကြိုက်၊ စဉ်းစားပါ။ အားလုံးနစ်နာစရာ၊ ရွံ့စရာမို့ ဘယ်သူမှမကြိုက်ပါဘူး။

### ဩဇာအာဏာဟူသည် ခေါင်းဆောင်မှုနှင့်သာ တည်ဆောက်၍ရ

ဩဇာအာဏာဆိုတာ လက်နက်ကိုင်အဖျက်လုပ်ရပ်နဲ့ ထူထောင်လို့မရပါဘူး၊ မိမိရဲ့ ခေါင်းဆောင်မှုနဲ့သာ တည်ဆောက်လို့ရပါတယ်။ ခေါင်းဆောင်မှုဆိုရာမှာ စေတနာ၊ တာဝန်ယူမှု၊ ပညာဉာဏ်နဲ့တကွ အမြော်အမြင်ရှိမှုတွေပါဝင်နေတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ တိုးတက်စေလိုတဲ့စေတနာက မရှိ၊

> **“ကိုယ့်ဒေသအကျိုး၊ ကိုယ့်လူမျိုးအကျိုး အမှန်လိုလား၊ တကယ်စေတနာထားတဲ့သူဆို လက်နက်ပြ၊ အတင်းအဓမ္မ လိုက်လံစည်းရုံးနေစရာမလို၊ ခြိမ်းခြောက်စရာမလို အလိုလို ကိုယ့်နောက်ပါလာမှာပါ။ ကိုယ့်တိုင်းရင်းသားပိုင်၊ ကိုယ့်ပြည်သူပိုင်ဥစ္စာပစ္စည်း ခိုးဆိုးလုယက်ယူဆောင်နေတာ ဘယ်သူကကြိုက်မလဲ၊ မူးယစ်ဆေးထုတ် နေရာအနှံ့ဖြန့် ဘယ်နိုင်ငံက ကြိုက်မလဲ၊ အပြစ်မဲ့ပြည်သူ၊ ဝန်ထမ်း၊ သံဃာတွေသတ်ဖြတ်နေတဲ့ လုပ်ရပ်ဆိုး ဘယ်သူကြိုက်မလဲ။ စစ်ဖြစ်လို့ ကိုယ့်ရပ်ရွာ ကိုယ့်နေအိမ်ကနေ စွန့်ခွာရတာ ဘယ်သူနှစ်သက်မလဲ၊ အိမ်တွေ၊ ရွာတွေ၊ ကျောင်းတွေ၊ ဈေးတွေ၊ ဘုရားတွေ၊ စေတီပုထိုးတွေဖြိုချ ဖျက်ဆီးမီးရှို့ လုပ်ရပ်တွေ စဉ်းစားကြည့်ပါ၊ တော်ရုံတန်ရုံစိတ်ဓာတ်နဲ့တော့ ဘယ်သူမှ မလုပ်နိုင်ပါဘူး”**

ဖြစ်လာသမျှအားလုံး တာဝန်ယူမှုမရှိ၊ အကြောက်တရားနဲ့ လက်နက်ကိုင်ခြိမ်းခြောက်တတ်ရုံလောက်နဲ့ လူပီသတဲ့ခေါင်းဆောင် ဘယ်ဖြစ်နိုင်ပါ့မလဲ။ ပညာဉာဏ်ကြီးတဲ့သူဆို ဒီလောက်တော့သိဖို့ကောင်းပါတယ်။

ကိုယ့်ဒေသအကျိုး ၊ ကိုယ့်လူမျိုးအကျိုး အမှန်လိုလား၊ တကယ်စေတနာထားတဲ့သူဆို လက်နက်ပြ၊ အတင်းအဓမ္မ လိုက်လံစည်းရုံးနေစရာမလို၊ ခြိမ်းခြောက်စရာမလို အလိုလို ကိုယ့်နောက်ပါလာမှာပါ။ ကိုယ့်တိုင်းရင်းသားပိုင်၊ ကိုယ့်ပြည်သူပိုင် ဥစ္စာပစ္စည်း ခိုးဆိုးလုယက်ယူဆောင်နေတာ ဘယ်သူကကြိုက်မလဲ၊ မူးယစ်ဆေးထုတ် နေရာအနှံ့ဖြန့် ဘယ်နိုင်ငံကကြိုက်မလဲ၊ အပြစ်မဲ့ပြည်သူ၊ ဝန်ထမ်း၊ သံဃာတွေသတ်ဖြတ်နေတဲ့ လုပ်ရပ်ဆိုး ဘယ်သူကြိုက်မလဲ။ စစ်ဖြစ်လို့ ကိုယ့်ရပ်ရွာ ကိုယ့်နေအိမ်ကနေ စွန့်ခွာရတာ ဘယ်သူနှစ်သက်မလဲ၊ အိမ်တွေ၊ ရွာတွေ၊ ကျောင်းတွေ၊ ဈေးတွေ၊ ဘုရားတွေ၊ စေတီပုထိုးတွေဖြိုချ ဖျက်ဆီးမီးရှို့လုပ်ရပ်တွေ စဉ်းစားကြည့်ပါ၊ တော်ရုံတန်ရုံစိတ်ဓာတ်နဲ့တော့ ဘယ်သူမှ မလုပ်နိုင်ပါဘူး။

### အဖျက်နှင့်အပြုအကြား အစဉ်ပေးဆပ်နေသူ ဟူသည်

ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူတွေရဲ့ တောက်ပတဲ့ မျှော်လင့်ချက်တွေနေရာမှာ ယခုလို စိုးရိမ်သောကပူပန်မှုတွေက နေရာယူလာနိုင်တာဟာ အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်။ သမိုင်းဝင်နေ့ထူးနေ့မြတ်များ ရောက်တိုင်းလည်း ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ မျှော်လင့်ချက်တွေနဲ့ မျှဝေဖြစ်တယ်၊ ကိုယ့်နိုင်ငံ ကိုယ်တန်ဖိုးထား ၊ ကိုယ့်တိုင်းရင်းသားကို အစဉ်လေးစားချစ်ခင်စိတ်နဲ့ ယုံကြည်မှုမပျက် တောင်းဆိုဖြစ်တာတွေလည်းရှိပါတယ်။ အားလုံးနည်းတူ ငြိမ်းချမ်းရေးကိုလိုချင်လို့ပါ။ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အတူနေချင်ကြလို့ပါ။

ဖျက်နေတဲ့သူနဲ့ တည်ဆောက်နေတဲ့သူကိုတော့ ကွဲကွဲပြားပြားသိကြတယ်။ နယ်စွန်နယ်ဖျားမကျန် ပဋိပက္ခအတွင်း ရောက်ရတဲ့ဒေသခံတွေဆို ပိုသိကြတာပေါ့။ အဖျက်ဆီးခံရပြီး အိုးမဲ့အိမ်မဲ့ တိုင်းရင်းသားတွေကို အစားအသောက် ဆေးဝါး ရိက္ခာ တတ်နိုင်သမျှ လှူဒါန်းနေကြသူတွေ၊ ပြန်လည်ထူထောင်ပေးသူတွေဟာ ဘယ်သူတွေဆိုတာ ကိုယ်တိုင်ဒုက္ခခံစားရတဲ့ တိုင်းရင်းသားတွေက ပိုသိကြတယ်၊ ပိုနားလည်ကြတယ်။ ဒီလို ဒုက္ခရောက်တဲ့ တိုင်းရင်းသားတွေကို စာနာလို့လည်း တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို မပျက်အောင် ကာကွယ်နေတာပေါ့၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကနေ မယိမ်းယိုင်အောင် စောင့်ရှောက်၊ ဖက်ဒရယ်အိပ်မက်မျှော်လင့်ချက်ကို ပေးနေတာပဲပေါ့။ ဒီစနစ်၊ ဒီလမ်းကြောင်း၊ ဒီအတိုင်းသွားချင်နေတဲ့ ပြည်သူစစ်စစ်တွေရဲ့ မျှော်လင့်ချက်ကို တပ်မတော်ကပိုသိလို့ ပေးဆပ်မှုတွေနဲ့ ပေးအပ်နေတာပဲဖြစ်တယ်။

### အကြမ်းဖက်နှင့် အလုံးစုံပျက်သုဉ်းရေးသို့သာ

ယခုလို ပြည်သူနဲ့တပ်မတော်ရဲ့လိုလားချက်ကို မသိတာ၊ သိလျက်နဲ့ မသိချင်ယောင်ဆောင်တာ၊ သိသိကြီးနဲ့ တမင်ဖျက်ဆီးတာ စတဲ့အကြမ်းဖက်အဖျက်အားလုံးရဲ့ နောက်ကွယ်ကရှိပြီး တကယ့်အစီအမံကိုလည်း ချပြလိုပါတယ်။ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့အစီအမံပါပဲ။ အဖျက်သမားတွေအတွက် ယနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာဖြင့် သူတို့ရဲ့ ပျက်သုဉ်းရေးအစီအမံမှာ အဓိကအဟန့်အတားကြီး ဖြစ်နေပါတယ်။ တိုင်းပြည်မှာ မျှမျှတတဖြစ်သွားမှာကို မလိုလားတာကြောင့် ဖျက်ချင်ကြတယ်။ ပါတီစုံလည်း မလိုလား၊ ဒီမိုကရေစီလည်း မဟုတ်ပြန်၊ ဖက်ဒရယ်ဖြစ်လာမှာလည်း ကြောက်နေကြတယ်။

ယနေ့ တပ်မတော်က ဦးဆောင်ဖောက်လုပ်နေတဲ့လမ်းကြောင်းမှာ ငြိမ်းချမ်းရေးအတွက် အာမခံချက်တွေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုတာတွေက သူတို့အတွက် ခလုတ်တံသင်းတွေပါပဲ။ သူတို့ကျင့်သုံးမှာက အချင်းချင်း နယ်မြေလု၊ အားနည်းသူဆို အနိုင်ကျင့်၊ စစ်ဘုရင်၊ စစ်အာဏာရှင်ဝါဒ ထူထောင်ရန်သာ၊ ဒီလို ကျင့်သုံးနေကြောင်းလည်း လက်တွေ့ဖြစ်ရပ်တွေက ပြသနေတယ်။ လက်နက်အားကိုး နယ်မြေလုပြီး သူတို့စိုးမိုးတဲ့နေရာမှာ ဗမာမလာရ၊ ဗမာမရှိရ၊ ရှမ်းမလာရ စသဖြင့် မင်းမဲ့စရိုက်ဆန်ဆန်၊ သူတို့ကျင့်သုံးချင်တာက အကြမ်းဖက်အဓမ္မ၊ စီးပွားရေးက ဘိန်း/ မူးယစ် ကုန်ကူးလုပ်ငန်းနဲ့ မူးယစ်ရာဇဝတ်၊ ဆက်ကြေးကောက်၊ အွန်လိုင်းငွေလိမ် လက်နက်ဝယ်ရောင်းဖြန့် ဒီလုပ်ငန်းတွေပဲလုပ်တတ်တဲ့ဘဝတွေမို့ ဒီလမ်းကြောင်းပဲ ရွေးတတ်ကြတာ မဆန်းပါ။

### အရေးသုံးပါးအောက်မှာ အားလုံးဘုံရည်မှန်းချက် တစ်ခုသာ

ပြည်ထောင်စုနေ့ အခါသမယရောက်ပြန်တော့လည်း ပြည်ထောင်စုစိတ်ဓာတ်နဲ့ ညီအစ်ကိုမောင်နှမ၊ မိသားစုစိတ်လေးနဲ့ လမ်းလွဲနေသူတွေကို ပြန်လာစေချင်တယ်၊ သွေးပေတဲ့လက်နက်တွေ စွန့်ခဲ့စေချင်တယ်။ တချို့တိုင်းရင်းသားခေါင်းဆောင်တွေဆိုရင် အသက်တွေလည်းကြီးနေပါပြီ။ အဖျက်လုပ်ရပ်တွေကို တားရဆီးရမယ့်အရွယ်တွေ ရောက်နေပါပြီ၊ အနာဂတ်မျိုးဆက်အတွက် စဉ်းစားရမယ့်အရွယ်တွေ ဖြစ်နေပါပြီ။ ငြိမ်းချမ်းရေးရဖို့ ငါတို့မှာ တာဝန်ရှိတယ်ဆိုတဲ့ မှန်ကန်တဲ့အမြင်လေးနဲ့ ယခုမျိုးဆက်မှာ ပြတ်အောင်ဖြတ်ရင်ရပါတယ်။ စေတနာနဲ့ တာဝန်ယူစိတ်လေးရှိဖို့တစ်ခုသာ လိုပါတယ်။ အခြေအနေမတူလို့၊ သမိုင်းကြောင်းတွေ မတူလို့ မတူကွဲပြားမှုဆိုတာ ဘယ်နေရာ၊ ဘယ်ဝန်းကျင်မှာမဆို ရှိစမြဲပါ။ ဒီအချက်ကို လက်ခံပြီးသားပါ။ တူညီရမှာက အရေးသုံးပါးအောက်မှာ ငြိမ်းချမ်းရေးရကိုရရမယ်ဆိုတဲ့ ဘုံရည်မှန်းချက်တစ်ခုပါပဲ၊ လုံးဝ ပြည်ထောင်စုကြီးပြိုကွဲသွားလို့ မဖြစ်ပါဘူး၊ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညွတ်နေကြရမယ်၊ အချုပ်အခြာ အာဏာကိုလည်း တစ်စွန်းတစ်စမျှ အပွန်းပဲ့ခံလို့မဖြစ်ပါ၊ အားလုံးအတွက်စဉ်းစားပြီး ဒီတာဝန်တွေမှာ တူကိုတူညီရပါမယ်။

သဘောသဘာဝချင်းမတူတာကို လက်ခံပြီး ဘုံရည်မှန်းချက်ချင်းတူကြရင်... အချင်းချင်းတွေပဲ ယုံကြည်ပေးလို့ရ၊ နားလည်မှုပေးလို့ရပါတယ်။ အားလုံးငြိမ်းချမ်းဖို့ဆိုတဲ့ ပြင်းပြတဲ့ဆန္ဒနဲ့အတူ အမုန်းတွေ၊ အာဃာတတွေကို ဖြေဖျောက်ပေးလို့လည်း ရပါတယ်။ ငြိမ်းချမ်းရေးရယူလိုတဲ့ ပြင်းပြတဲ့ဆန္ဒအပေါ်မှာ ဘာသာ၊ သာသနာနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကိုချစ်တဲ့ ထက်သန်စစ်မှန်တဲ့မျိုးချစ်စိတ်၊ မပြတ်အားထုတ်လိုတဲ့ ဝီရိယစွမ်းအား၊ ပညာဉာဏ်ပါတဲ့ညှိနှိုင်းပူးပေါင်းမှုတွေသည် ငြိမ်းချမ်းခြင်းရဲ့ အဓိပတိတွေပါပဲ။

*စာမျက်နှာ ၁၆ သို့*

> **❖ ယနေ့တပ်မတော်က ဦးဆောင်ဖောက်လုပ်နေတဲ့လမ်းကြောင်းမှာ ငြိမ်းချမ်းရေးအတွက် အာမခံချက်တွေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုတာတွေက သူတို့အတွက် ခလုတ်တံသင်းတွေပါပဲ။ သူတို့ကျင့်သုံးမှာက အချင်းချင်း နယ်မြေလု၊ အားနည်းသူဆို အနိုင်ကျင့်၊ စစ်ဘုရင်၊ စစ်အာဏာရှင်ဝါဒ ထူထောင်ရန်သာ၊ ဒီလို ကျင့်သုံးနေကြောင်းလည်း လက်တွေ့ဖြစ်ရပ်တွေက ပြသနေတယ်။ လက်နက်အားကိုး နယ်မြေလုပြီး သူတို့စိုးမိုးတဲ့နေရာမှာ ဗမာမလာရ၊ ဗမာမရှိရ၊ ရှမ်းမလာရ စသဖြင့် မင်းမဲ့စရိုက်ဆန်ဆန်၊ သူတို့ကျင့်သုံးချင်တာက အကြမ်းဖက်အဓမ္မ၊ စီးပွားရေးက ဘိန်း / မူးယစ် ကုန်ကူးလုပ်ငန်းနဲ့ မူးယစ်ရာဇဝတ်၊ ဆက်ကြေးကောက်၊ အွန်လိုင်းငွေလိမ် လက်နက်ဝယ်ရောင်းဖြန့် ဒီလုပ်ငန်းတွေပဲ လုပ်တတ်တဲ့ဘဝတွေမို့ ဒီလမ်းကြောင်းပဲ ရွေးတတ်ကြတာ မဆန်းပါ**

*စာမျက်နှာ ၁၄ မှ*

**ရန်ကုန်မြို့မှ စစ်တွေမြို့သို့ မူးယစ်ဆေးဝါးများကို ရေလမ်းမှ သယ်ဆောင်ပေးခဲ့ကြသည့် AA အဖွဲ့မှ တပ်ကြပ်ကြီး အဆင့်ရှိ ကျော်ဟန်(ခ) ဆံရှည်၏ ဝန်ခံထွက်ဆိုမှု**

ကျွန်တော် AA တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်ပါတယ်။ AA 0287 တပ်ကြပ်ကြီး ကျော်ဟန် ဖြစ်ပါတယ်။ ကျွန်တော် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ ကျွန်တော်ကို AA တပ်ဖွဲ့ဝင်တစ်ယောက်က လာခေါ်တယ်။ ပြီးတော့ ကျောက်တော်မြို့နယ်မှာ ကျွန်တော့်ကို သင်တန်းတက်ခိုင်းတယ်။ ၅ လပိုင်းကျော်ကျော်လောက်မှာ ပြီးတယ်။ သင်တန်းပြီးတော့ ကိုယ်ပိုင်နံပါတ်ပေးတယ်။ မီးဝါးစခန်းမှာ ထားတယ်။ အဲဒီစခန်းမှာ စိုက်ခင်းတွေလုပ်ရတယ်။ ၂၀၁၆ ခုနှစ် မေလပေ့ါ ၅ လပိုင်းလောက်မှာ ကျောက်တော်မြို့နယ် မီးဝါးစခန်းမှာနေပြီးတော့ ကျွန်တော်တို့ စခန်းတွေတည်ဆောက်ကြတယ်။ ပိတောက်နားမှာ တိုးချဲ့လာတော့ စခန်းတည်ဆောက်နေတဲ့အချိန်ပေ့ါ။ မြန်မာတပ်မတော်စစ်ကြောင်းဝင်လာတော့ ထိပ်တိုက်စစ်ဖြစ်ကြတယ်။ စစ်ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့ဘက်က တပ်သား ရဲဘော်နှစ်ဦးလောက်ကျဆုံးသွားတယ်။ အဲဒီထဲကနေ ကျွန်တော်တို့ ဘာမှန်းမသိလို့ ထွက်ပြေးလာတယ်။ ကျွန်တော် အဲဒီက ထွက်ပြေးလာတော့ ကိုယ့်ဆီကိုရောက်သွားတယ်။ မြောက်ဦးမြို့နယ်ပေ့ါ အဲဒီမှာနေတယ်။ သူများဆီမှာ အငှားလုပ်တယ်။ ကိုယ့်မှာ ဘာမှအလုပ်အကိုင်မရှိလို့ သူများဆီမှာနေရင်းနဲ့ ပေါက်တောမြို့နယ်ဘက်ပြောင်းလာခဲ့တာ၊ အဲဒီမှာတိမ်းရှောင်နေတာပေ့ါ။ အဲဒီမှာတော့ ကျွန်တော် သဲအုတ်တွေ၊ ကျောက်အုတ်တွေ လိုက်စီတယ်။ ၂၀၂၂ မှာ ကျွန်တော်ကိုအောင်ဆန်းဦးဆိုတဲ့လူက အဆက်အသွယ်လုပ်ပြီးတော့ အလုပ်လုပ်ချင်လားလို့မေးတော့ လုပ်မယ်လို့။ သင်္ဘောစီးရမယ်၊ AA က ကုန်ပစ္စည်းပို့တဲ့သင်္ဘောစီးရမယ်ဆိုပြီးတော့ ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်လည်း လုပ်မယ်ဆိုပြီး ကျွန်တော့်ကို ပိုက်ဆံနှစ်သိန်းပေးပြီးတော့ ရန်ကုန်ကိုလွှတ်တယ်။ ကျွန်တော် ရန်ကုန်ကိုရောက်လာတော့ ဆိပ်ကြီး-ခနောင်တိုဘက်ကို ပို့ပေးခဲ့တာပါ။ တနင်္သာရီ(၁) သင်္ဘောကို ပို့ပေးခဲ့တယ်။ အဲဒီမှာကျွန်တော်စပြီး အလုပ်လုပ်တာ။ ကျွန်တော်တို့ အဲဒီသင်္ဘောနဲ့ ကုန်ပို့တာတို့၊ ရန်ကုန်နဲ့စစ်တွေ နောက်ဆုံးပို့တဲ့ထဲမှာတော့ ဘိလပ်မြေ ၇၀၀၀၊ ဆန်အိတ် ၄၆၀ ပြီးတော့ မူးယစ်ဆေးဝါးဖာ ၅၁ ဖာပေ့ါ အဲဒီကို ချတယ်။ ဒီကချတဲ့အခါတော့ ရွှေပြည်သာမုတ္တမဆိပ်ကမ်းပေ့ါ၊ အဲဒီဆိပ်ကမ်းကချတယ်။ အဲဒီမှာပဲချတာ၊ စစ်တွေရောက်တော့ ရေထဲမှာမော်တော်ဘုတ်တွေနဲ့၊ ပဲ့ထောင်တွေနဲ့ပဲ AA အဖွဲ့တွေက လာယူသွားကြတယ်။ မူးယစ်ဆေးဝါးနဲ့ ကုန်ပစ္စည်းတွေကတော့ AA ရဲ့ ကုန်ပစ္စည်းတွေဖြစ်တယ်။ ၄ ညနဲ့ ၅ ရက်ပေ့ါ၊ စစ်တွေကို မောင်းတာ၊ အဲဒီလောက်ကြာတယ်။

**AA အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး (ခ) သားသား (ခ) ဝေသာထွန်းမှ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်မှုများ ပြုလုပ်ရန် တိုက်ရိုက်စေခိုင်းခဲ့သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မူးယစ်ဆေးဝါးများ ကိုယ်တိုင်ပို့ခဲ့သူ AA အဖွဲ့မှ ဒုတိယဗိုလ်အဆင့်ရှိ စိုးထွန်း၏ ဝန်ခံထွက်ဆိုမှု**

ကျွန်တော်က အရင် AA အဖွဲ့ဝင်ဖြစ်ပါတယ်။ ရဲဘော်နံပါတ်က AA 0178 ဖြစ်ပါတယ်။ အရာရှိနံပါတ်က AC 0304 ဖြစ်ပါတယ်။ ဒုဗိုလ်အဆင့်ရှိစိုးထွန်း ဖြစ်ပါတယ်။ သင်တန်းတက်တာက ၂၀၁၂၊ ၈ လပိုင်းမှာ သင်တန်းစတက်ပြီး ၂၀၁၂၊ ၁၀ လပိုင်းမှာ သင်တန်းဆင်းပါတယ်။ ၂၀၁၅၊ ဇန်နဝါရီလမှာ တပ်ကြပ်အဆင့်ရာထူးတိုးခဲ့ပြီးတော့ AA ဌာနချုပ်ကို သားသား (ခ) ဗိုလ်မှူးကြီးအဆင့်ရှိ ဝေသာထွန်း ခေါ်တွေ့ပြီး ကျွန်တော်တို့က မန္တလေးမှာ မူးယစ်ဆေးဝါးလုပ်ရမယ်လို့ပြောပြီး ကျွန်တော်တို့လည်း လိုင်ဇာကနေ မန္တလေးကိုမူးယစ်ဆေးဝါးလုပ်ဖို့ လာခဲ့ပါတယ်။ ကျွန်တော်ရောက်လို့ တစ်ရက်၊ နှစ်ရက်နေပြီးတော့ AA အဖွဲ့က ကျော်မင်းဌေးဆိုတဲ့ တစ်ယောက်ရောက်လာတယ်။ အဲဒီမှာနေပြီးမှ နောက်တော့ ၃/၄/၅ လပိုင်းလောက်မှာ အဲဒီမှာ ၁၂ ဘီးကားတွေနဲ့



AA အဖွဲ့မှ တပ်ကြပ်ကြီး အဆင့်ရှိ ကျော်ဟန်(ခ) ဆံရှည်



AA အဖွဲ့မှ ဒုတိယဗိုလ် အဆင့်ရှိ စိုးထွန်း

မူးယစ်ဆေးဝါးတွေရောက်လာပါတယ်။ ကျွန်တော်တို့က အဲဒီမှာပါလာတဲ့ မူးယစ်ဆေးတွေကိုဖွင့်ပြီး ဓာတ်ပုံရိုက်ပြီးတော့ we chat က သားသား(ခ) ဗိုလ်မှူးကြီး ဝေသာထွန်းကို ပြရတာပေ့ါနော်။ ပြပြီးမှ ကျွန်တော်တို့က ဒီမှာ ထပ်စစ်ရတာပေ့ါ။ ကျွန်တော်တို့ဆီကို ရောက်လာတော့ ၁၂ ဘီးကားတွေပေ့ါနော်။ တစ်ခါတစ်ခါတော့ ဆီဘောက်ဆာကားတို့ (4 wheel )ကားတို့ အဲဒီလိုကားတွေနဲ့ လာကြတယ်။ ကျွန်တော်တို့က ၂၀၁၅/၂၀၁၆ လောက်မှာ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်လောက်ပေ့ါနော် အဲမှာအထုပ် ၂၀ လောက် အရင်ရောက်တယ်ပေ့ါ။ အရင်ရောက်တော့ ကျွန်တော်တို့ အဲဒီဂိုဒေါင်မှာ သိုလှောင်ထားတာပေ့ါ။ သားသား(ခ) ဗိုလ်မှူးကြီး ဝေသာထွန်း စေခိုင်းချက်အရ ရခိုင်က မြောက်ဦးတို့၊ ကျောက်တော်တို့၊ စစ်တွေတို့ကို ကုန်တင်ကားတွေနဲ့ ပို့ရတာရှိပါတယ်။ ကျွန်တော်က ၂၀၁၉ မှာ ဒုဗိုလ်ရာထူးတိုးခံရပြီးတော့ ၂၀၂၀ လောက်မှာ ကျွန်တော် ရခိုင်မြောက်ပိုင်းကို သားသား(ခ) ဗိုလ်မှူးကြီး ဝေသာထွန်း စေခိုင်းချက်အရ သွားရတာပေ့ါ၊ မောင်တော မြောက်ဘက် ရောက်တော့ AA က နေရာချပေးပါတယ်။ နေရာချပြီးတော့ ကိုအောင်ကြီးတို့၊ ကိုနိုင်ရှည်တို့၊ ကိုပုတို့နဲ့ ပူးပေါင်းပြီးလုပ်ကိုင်ခဲ့ရတာပေ့ါ။ အဲဒီမှာ ကျွန်တော်တို့က ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ဆိုင်ကယ်ကယ်ရီနဲ့ မူးယစ်ဆေးဝါးကို ပို့ရတာပေ့ါ။ အဲဒီလိုနဲ့ နယ်စပ်တွေကို ရောက်တာပေ့ါ။ ကျွန်တော်တို့က မင်္ဂလာလှေဆိပ်ကို ကျွန်တော် ပို့တာတော့ ငါးခါလောက်ပို့ခဲ့ပါတယ်။ တစ်ခါပို့ရင် အချောင်း ၂၀၊ ၃၀ လောက်ပေ့ါ၊ ကျွန်တော်တို့ စကားနဲ့ဆို ၁ ပုံး၊ ၂ ပုံး၊ ၃ ပုံးပေ့ါနော်။ ၁၀ ချောင်းကို တစ်ပုံး လို့ခေါ်တယ်။ တစ်ခါပို့ရင် ၂၀ ပို့တာရှိတယ်၊ ၃၀ ပို့တာရှိတယ်။ ဟိုဘက်ကတော့ နယ်စပ်ရောက်သွားရင်တော့ ဘင်္ဂလားဒေ့ရှ်က ကုလားပွဲစားတွေ လာယူတာပေ့ါနော်။ အဲဒီလိုတော့ ရှိခဲ့ပါတယ်။ အဲဒီရခိုင်မှာ မောင်တောမြောက်ပိုင်းမှာနေတုန်းက ဘင်္ဂလားဒေ့ရှ်ကို မူးယစ်ဆေးဝါးပို့တဲ့လုပ်ငန်း တစ်နှစ်လောက်လုပ်ခဲ့ပါတယ်။ တစ်နှစ်လောက်လုပ်ပြီးတော့ နိုဝင်ဘာလလောက်မှာ သားသား (ခ)ဗိုလ်မှူးကြီးဝေသာထွန်းက ကျွန်တော့်ကိုဖုန်းဆက်ပြီးတော့ ရန်ကုန်ကို မူးယစ်ဆေးဝါးလုပ်ရမယ်ဆိုပြီးတော့ ပြောလာပါတယ်။ ရန်ကုန်ရောက်တော့ ကနောင်မင်းသားကြီးလမ်း၊ ဇုန် ၁ က ဒုဗိုလ် နောနော်တို့နေတဲ့ အဲဒီဂိုဒေါင်မှာ ဒုဗိုလ်ထွန်းလင်းရယ်၊ ဒုဗိုလ် နောနော်ရယ်၊ ကျွန်တော်ရယ် သုံးယောက်နေခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်နေ့မှာ ဒုဗိုလ် နောနော်က အငှားယာဉ်နဲ့သွားပြီးတော့ မူးယစ်ဆေးဝါး အိုက်စ် ၁ကီလို ၂၀ ထုပ်ပါ ပီနံအိတ် သုံးအိတ်၊ ၁၅ ထုပ်ပါ တစ်အိတ်၊ ၇၅ ထုပ်ကို ဂိုဒေါင်ထဲရောက်တယ်။ အဲဒါကို ဂိုဒေါင်ထဲမှာထည့်ပြီးတော့ စက္ကူဖာတွေ နဲ့ တိပ်တွေနဲ့ပတ်ပြီး နောနော်ရယ်၊ ဗိုလ်ထွန်းလင်းရယ်၊ ကျွန်တော်ရယ် သုံးယောက်ပေါင်းပြီးတော့ ထုပ်ကြတာပေ့ါ။ ကျွန်တော့်ကို နိုဝင်ဘာ ၂၅ ရက်နေ့မှာ နောနော်က ပုလဲလမ်းဆုံက လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ထားခဲ့တာပေ့ါ။ သူကတော့ မူးယစ်ဆေးဝါးကို ကားတစ်စီးနဲ့ ဂိုဒေါင်မှာ ချတယ်၊ ချပြီးတော့မှ ကျွန်တော့်ကို အဲဒီကားနဲ့ လာခေါ်တယ်၊ လာခေါ်ပြီးတော့မှ ဘူတာကို ရောက်တယ်၊ ဘူတာရောက်ပြီးတော့ နောနော်ရယ်၊ ဗိုလ်ထွန်းလင်းရယ်၊ ကျွန်တော်ရယ် ၁ ကီလိုပါ ၂၀ ထုပ် အထုပ် ၆၀၀ ပေ့ါနော်၊ စက္ကူတွေနဲ့ လိပ်ပြီးတော့ ဂိုဒေါင်မှာ သိမ်းခဲ့ပါတယ်။ ဒုဗိုလ် နောနော်ကို ပစ္စည်းလာပို့တဲ့ကားက ဖုန်းဆက်တာပေ့ါနော်၊ ပစ္စည်းရောက်နေပြီ အစ်ကိုတို့လာယူ၊ အဲဒီမှာကျွန်တော်တို့က Alphard ကားနဲ့ သွားပြီးယူတာပေ့ါ၊ အစတုန်းကတော့ သူတို့က ပုလဲလမ်းဆုံလို့ချိန်းတယ်၊ ဒါပေမဲ့ ပုလဲလမ်းဆုံတော့မဟုတ်ဘူး၊ နောက်မှ သူတို့က ၁၄ လမ်းဆုံဆိုပြီး ချိန်းတယ်၊ ၁၄ လမ်းဆုံကို ကျွန်တော်တို့ သွားတာပေ့ါ၊ သွားတဲ့အခါ သူတို့က ကားအမျိုးအစားနဲ့ ကားနံပါတ်ကို မေးတာပေ့ါ၊ ဒုဗိုလ် နောနော်က ကားအမျိုးအစား၊ ကားနံပါတ်တွေ ပြောလိုက်တာပေ့ါ၊ အဲဒီမှာ ၁၄ လမ်းဆုံရောက်တော့ သူတို့က အရှေ့ကထွက်ပြီး လက်ကာပြပြီး ရပ်တာပေ့ါနော်၊ အဲဒီမှာ ကျွန်တော်တို့ ဆင်းတာနဲ့ ကားပေါ်က ဆင်းတာနဲ့ အဖမ်းခံရတာပေ့ါ။ ကျွန်တော်တို့ ဒီမူးယစ်ဆေးဝါးကို အဓိကကြိုးကိုင်ပြီး လုပ်နေတာက စီးပွားရေးတာဝန်ခံစစ်ရုံးချုပ်က သားသား (ခ) ဗိုလ်မှူးကြီး ဝေသာထွန်းပေ့ါ၊ ကျွန်တော်တို့ ဒီလိုမူးယစ်ဆေးဝါးတွေလုပ်နေတာကို ဗိုလ်ချုပ် ထွန်းမြတ်နိုင်လည်း မသိတာတော့ မရှိပါဘူး။ သူကတော့သိလောက်ပါတယ်။ ကျွန်တော်တို့က လုပ်တာတော့ လုပ်ပြီးသွားပြီ၊ ဒါပေမယ့် နောင်တတော့ ရတာပေ့ါ။ ညွှန်ကြားတဲ့အတိုင်း လုပ်ရတာပေ့ါ။ ကျွန်တော်တို့လည်း မလုပ်ချင်ပါဘူး။



ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများ

*စာမျက်နှာ ၁၅ မှ*

ဒီမောင်းနှင်အားတွေကို စွဲမြဲစွာ ဆွဲကိုင်ထားရင် တိုင်းရင်းသားတွေအကြား ခိုင်မာတဲ့သံယောဇဉ်ဖြစ်လာပြီး ငြိမ်းချမ်းခြင်းရဲ့ရန်သူဖြစ်တဲ့ အတ္တနဲ့ မာန်မာန အဆိုးသံသရာကိုလည်း ဖြတ်တောက်ပစ်နိုင်ပါလိမ့်မယ်။

### ပညာဉာဏ်ပါသော စေ့စပ်ညှိနှိုင်းမှုဖြင့်သာ

အမုန်းတွေလျော့၊ ယုံကြည်မှုတွေတိုးလာရင် တန်ဖိုးထားလေးစားမှုတွေ ပိုလာတာ လူ့သဘာဝပဲလေ၊ တန်ဖိုးထားလေလေ ပို၍လေးစားမှုရှိလေလေပါ။ ထိုအခါ သူ့အယူအဆ၊ ကိုယ့်အယူအဆ၊ သူ့မူ ကိုယ့်မူ အပြန်အလှန် လက်ခံနိုင်စွမ်းရှိလာကြမယ်။ အပြန်အလှန် အသိအမှတ်ပြုလာနိုင်မယ်။ ဒီလိုရလဒ်မျိုးက အချိန်တော့ယူရမယ်၊ အခါမလပ် စားပွဲဝိုင်းကတစ်ဆင့်ပဲရနိုင်မယ်။ ဒါကြောင့်လည်း NCA ကို အပျက်မခံ၊ ငြိမ်းချမ်းရေးလေသံတစ်စက်ကလေးမှမလျော့၊ အကြိမ်ကြိမ် အခါခါ စားပွဲဝိုင်းဆီ ဖိတ်ခေါ်နေတာပေ့ါ။

ငြိမ်းချမ်းရေးစားပွဲဝိုင်းဆိုတာမှာလည်း ပညာနဲ့ ယဉ်ကျေးမှုအပေါ် တည်နေပြန်တယ်၊ ပညာဆိုတာ ညှိနှိုင်းမှုပညာ၊ မဖြစ်နိုင်ဖွယ်ရာတွေကနေ ဖြစ်နိုင်တာတွေကို ညှိညှိနှိုင်းနှိုင်းနဲ့ အဖြေရှာနိုင်တဲ့စွမ်းရည်၊ လူမိုက်မဆန်တဲ့ ယဉ်ကျေးသူတွေရဲ့ အလုပ်ဆိုတော့ အများကြီးအချိန်ယူရပါတယ်။ တာဝန်ယူတာဝန်ခံမှုတွေရှိလာမယ်၊ သည်းခံခြင်း၊ ကိုယ်ချင်းစာခြင်းတွေနဲ့ အပေးအယူ၊ အလျှော့အတင်းတွေရှိမယ်၊ အတ္တထက် ပရစိတ်ထားကို အခြေခံမယ်၊ ကိုယ်ဘာရမယ်ဆိုတာထက် ကိုယ့်ဘက်က ဘာပေးရမလဲဆိုတဲ့ တန်းတူညီမျှစိတ်ထားအားလုံးရှိကြမှသာ အဆင်ပြေနိုင်မှာဖြစ်တယ်၊ ဒါကြောင့်လည်း စေ့စပ်ညှိနှိုင်းမှုတစ်ခုကို ဉာဏ်ပညာနဲ့ယှဉ်ပြီး အားလုံးအတွက် မျှတတဲ့သူလည်းအနိုင် ကိုယ်လည်းအနိုင်ဖြစ်စေတဲ့ ငြိမ်းချမ်းရေးကို အောင်ပွဲတစ်ခုအနေနဲ့ သမုတ်ကြတာပေ့ါ။

အထက်ပါ ဆန္ဒ၊ စိတ်ဓာတ်၊ ဝီရိယ၊ ပညာ ဆိုတဲ့ အဓိပတိလေးပါး မခိုင်ရင် ပြည်ထောင်စုကြီးလည်း ယိုင်နဲ့ပါတယ်။ အဖျက်နဲ့အပြုအကြား တည်ငြိမ်အေးချမ်းရေး ဦးစားပေးပြီး အပြုသဘောနဲ့ ထိန်းသိမ်းကာကွယ်ရင်း အရှိန်မပျက် တည်ဆောက်ပြုပြင်နေရပါတယ်။ အပျက်သဘောတွေကြောင့် ပျက်စီးသွားတဲ့အရာအားလုံး ပြန်လည်ထူထောင်ဆဲပါ။ အားလုံးလက်တွဲကြရင်တော့ ပိုပြီးလွယ်လွယ်ကူကူပြီးမြောက်မှာပေ့ါ။ အားလုံးညီညွတ်ကြရင်တော့ အောင်အောင်မြင်မြင်ဖြစ်မှာ မလွဲပါဘူး။ မညီညွတ်ရင်တော့ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွားပျက်မယ်၊ တစ်ပါးနိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး ဩဇာလွှမ်းခံရမယ်၊ အချုပ်အခြာ ချိုးဖောက်ခံရမယ်၊ ဘာသာ၊ ယဉ်ကျေးမှု၊ လူမျိုး ဝါးမြိုခံရမယ်။

လိုရင်းက အမျိုးသားအကျိုးစီးပွားပါပဲ။ အမျိုးသားအကျိုးစီးပွားရှင်သန်မှ နိုင်ငံနဲ့ လူမျိုးလည်း အဓွန့်ရှည်တည်တံ့မှာ။ ဖိအားဒဏ်ခံနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရေးမိပါတယ်၊ အခက်အခဲများကြားက ငြိမ်းချမ်းရေးခေါ်သံတစ်ခုအဖြစ်... ခံယူဖြစ်မယ်ဆိုရင်တော့ ရေးရကျိုးလည်းနပ်မှာပါ။ ဘာပဲဖြစ်ဖြစ် တစ်ထောင့်တစ်နေရာက ပါဝင်လိုက်ရတာကိုပဲ တာဝန်ကျေပွန်တယ်လို့ ခံစားမိပါတယ်။ ။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ/ဆရာမများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်နှိပ်စက်နေသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်ထောင်စုနေ့နှင့် အမျိုးသားရေးတာဝန်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ်၌ ပြည်သူများအား စစ်သင်တန်းတက်ခိုင်းရန်နှင့် လုံခြုံရေးတပ်ဖွဲ့များတွင် အင်အားဖြည့်တင်းရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အိမ်ရှိလူစာရင်းများကို လိုက်လံကောက်ယူနေကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များမှ မိသားစုဝင် အရေအတွက်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံကောက်ယူနေကြောင်း၊ အဆိုပါကောက်ယူမှုများသည် ပြည်သူများအားအတင်းအဓမ္မစစ်သင်တန်းတက်ခိုင်းရန်နှင့် လုံခြုံရေးတပ်ဖွဲ့များတွင် အင်အားဖြည့်တင်းရန်အတွက် အိမ်ရှိလူစာရင်းများကို လိုက်လံကောက်ယူနေခြင်း ဖြစ်ကြောင်း သတင်းတု၊ သတင်းမှားများကို ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းမြို့နယ်တွင် နောက်ဆုံးအခြေအနေနှင့် လူဦးရေစာရင်းတိကျမှန်ကန်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လိုက်ပါ၍ အိမ်တည်နေရာ မှတ်တမ်းတင်ခြင်း၊ အိမ်ရှိလူစာရင်း မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များအား ပုံမှန်အတိုင်း ဆောင်ရွက်နေခြင်းသာဖြစ်ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများက နိုင်ငံတွင်း တည်ငြိမ်အေးချမ်းလျက်ရှိသည့် မြို့၊ ရွာ၊ ဒေသများမှ ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းတု၊ သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Phyo Ko Ko"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းကုန်းရပ်ကွက်နေ ဖြိုးကိုကိုအား ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Garuda" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်နေ အောင်ကိုကို(ခ) ဘွတ်လေးအား ည ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "min min" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဝင်းမင်းမြတ်သူအား ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Nan Nan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာနေ ယွန်းနန္ဒာစံ(ခ)အမွန်း(ခ)နန်းနန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ "Zu Zan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဇူဇန်အောင်မင်း(ခ)နိုးနိုးအား ည ၈ နာရီတွင်လည်းကောင်း၊ "Sak Paing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်နေ ဆက်ပိုင်ဝင်းရှိန်အား ည ၈ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၂၄ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၁၂-၂-၂၀၂၄ ရက်နေ့ ၀၄၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ တပ်မတော်မှလေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ် ၆၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**




ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ တပ်မတော်နှင့် AA လက်နက်ကိုင်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲပြင်းထန်နေပြီး တပ်မတော်မှ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ရမ်းဗြဲမြို့ရှိ နေအိမ်များ မီးလောင်ပျက်စီးသည်မှာ အလုံး ၆၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ပြည်သူများအထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

AA လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် တပ်မတော်နှင့် လုံခြုံရေး တပ်စခန်းများကို တိုက်ခိုက်ရာတွင် Drone များဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများ ပြုလုပ်မှုကြောင့် မြို့၊ ရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲကာ နေအိမ်များ မီးလောင်ပျက်စီးခဲ့သည့်ဖြစ်စဉ်များရှိခဲ့ကြောင်း၊ ထို့အပြင် AA လက်နက်ကိုင်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ အဆောက်အဦများနှင့် ပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ယူ တိုက်ခိုက်လျက်ရှိပြီး ဆုတ်ခွာထွက်ပြေးချိန်များတွင် လုံခြုံရေးတပ်ဖွဲ့များ လိုက်ပါတိုက်ခိုက်မှု မရှိစေရန် နေအိမ်များကို မီးရှို့ခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရှိရသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက ထိုသို့ ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေပြီး နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် တပ်မတော်၏ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုင်းခတ်မြို့နယ်၌ သီးပွင့်ဆဲဘိန်းခင်းများကို ရဲတပ်ဖွဲ့ဝင်များ သွားရောက်ဖျက်ဆီး

**မိုင်းခတ် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု ဝမ်ကောင်း ကျေးရွာမြောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲဘိန်းခင်း ၁ ဒသမ ၅ ဧကကို မိုင်းခတ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၃ ရက်တွင် သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ မိုင်းခတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆိုင်လွှမ်းနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးစိုးသူလင်းနှင့် တပ်မတော်သားများ၊ မူးယစ်လူပ်ရှားတပ်ဖွဲ့မှ ရဲအုပ် အေးမင်းစိုးနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဝမ်ကောင်းကျေးရွာအနီးမှ အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁ ဒသမ ၅ ဧကကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

**နန်းနွယ်နီ (ပြန်/ဆက်)**

# နိုင်ငံတကာသတင်း

## ဂါဇာကမ်းမြောင်ဒေသ၌ အပစ်ရပ်စဲရေး သဘောတူညီချက်ရရန် ဂျော်ဒန်နှင့် ယူအေအီး တိုက်တွန်း

**အမ္မန် ဖေဖော်ဝါရီ ၆**

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်ရပ်စဲရေးသဘောတူညီချက်ရရန် အရှိန်မြှင့်တင်ကြိုးစားဖို့ လိုကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) သမ္မတ ရှိတ်မိုဟာမက် ဘင်ဇာရစ်အယ်လ်နာယန်တို့က ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။

အမ္မန်ရှိ အစည်းအဝေးပွဲတွင် ဘုရင်အဗ္ဗဒူလာနှင့် အာရပ်စော်ဘွားများပြည်ထောင်စုသမ္မတတို့က အရပ်သားများကို ကာကွယ်ရန်အတွက် အပစ်ရပ်စဲရေးသဘောတူညီချက်ရရေး အပူတပြင်းလုပ်ဆောင်ရန် အရေးကြီးကြောင်း နှင့် ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လုံလောက်စွာပေးနိုင်ရန် ဆက်လက်လုပ်ဆောင်သွားရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။ နှစ်ဖက်ခေါင်းဆောင်များသည် ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခအခြေအနေများကို ပုံကြီးချဲ့စေမည့် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားစေမည့် မည်သည့်လှုံ့ဆော်မှုမျိုးကိုမဆို ဆန့်ကျင်ကြောင်း သတိပေးလိုက်သည်။ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိစေမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် နိုင်ငံရေးလုပ်ငန်းစဉ် စတင်ခြင်းကို အဓိကထားပြီး ပါလက်စတိုင်းပြည်သူများ ၎င်းတို့၏ တရားဝင်အခွင့်အရေးများ ပြန်လည်ရရှိအောင် အပြည့်အဝထောက်ပံ့သွားမည်ဖြစ်ကြောင်း နှစ်ဖက်စလုံးက ပြောကြားခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆက်လက်ထောက်ပံ့မှုများ၏ အရေးပါပုံကိုလည်း ဘုရင် အဗ္ဗဒူလာက အလေးအနက်အထား ပြောကြားခဲ့သည်။ ဂျော်ဒန်က အာရပ်စော်ဘွားများ ပြည်ထောင်စု၏ ဂါဇာရှိ ပြည်သူများကို ထောက်ပံ့ပေးနေမှုကို ချီးကျူးခဲ့သည်။ အစည်းအဝေးတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် အခွင့်အလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ**




## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/9299, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မြတ် ၈/ရနခ(နိုင်)၁၆၁၁၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/37707, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်း ၁၄/မအပ(နိုင်)၁၆၉၉၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ၃-၇၊ ဦးပိုင်အမှတ်(၁၄၁)၊ ၆၅ x ၆၇ကြား၊ ၁၁၇ X၁၁၈လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၁၆၆၈/၉၀-၉၁)အရ ဦးစောလွင် ၉/မရတ(နိုင်)၀၂၈၇၈၆ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်ဇင်ထားထားဦး ၉/မရတ(နိုင်)၀၇၇၅၅၇ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက် အမှတ် ဆ-၅၊ ဦးပိုင်အမှတ် (၁၀၆-ခ)/၊ ၆၈x၆၉ကြား၊ ဇလပ်ဝါလမ်းxခိုင်ရွှေဝါလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမြင့် ၅/ခတန(နိုင်)၀၂၅၇၁၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၃၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးမြင့်ခိုင် ၅/ခတန(နိုင်) ၀၃၃၆၅၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၃၀၊ ဦးပိုင်အမှတ် (၂၃-ပ)/၊ ၄၉လမ်းxမနော်ဟရီလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးငြိမ်း(ခ)ဒေါ်သင်းသင်းလှိုင် ၁၃/ကမန(နိုင်)၀၆၈၆၀၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၁၈/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးချစ်ဖွယ် ၉/မမန(နိုင်)၀၂၂၀၃၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၂၊ ဦးပိုင်အမှတ် (၁၁၄)/နှင်းဆီနှင့်မြတ်လေးကြား၊ ၄၈x၄၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလင်းထွန်း ၁၂/ဗဟန(နိုင်)၀၂၉၈၇၁၊ MTA -၀၉၄၄၀၁၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၁၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဌေးရှန်း ၁၃/တကန(နိုင်)၁၄၆၀၀၅က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မီးဘေးရှောင် မလောင်ခင်တား

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၈၆၄ | ၇၄၃၃၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၆၂၂ | ၄၇၀၃၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၃၇၈ | ၂၉၈၆၂၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၀၇ | ၁၅၀၁၀၈၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃ | ၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၃၈၂ | ၇၁၃၈၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၅ | ၂၄၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၁၉၄ | ၂၀၈၉၅၀၀ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ ၉၀X၉၁ ကြား၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်(၂၀၂)နေ ဒေါ်စုမြတ်မွန် ၉/အမဇ(နိုင်)၀၅၀၃၃၆ ၏ မိခင် ဒေါ်မြညိန်း(ခ)ဒေါ်မြငြိမ်း ၉/မတရ(နိုင်)၀၃၈၃၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်၊ မင်းစုကျေးရွာနေ အောင်ကိုလတ် (ဘ) ဦးတင်ထွန်း (၉/ကဆန(နိုင်)၀၀၀၃၄၃၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-273034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၃၁၃၇၂၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ကညင်ဂဲကျေးရွာအုပ်စု၊ အမက မရမ်းချောင်းကျောင်း၊ အထွေထွေလုပ်သား ဦးသန်းထွေး ၁၄/မမန(နိုင်)၀၄၆၈၈၀၏ ဖခင်အမည် ဦးပူစူးနှင့် ဦးပွတ်စူးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6254 Toyota Rav 4 ZCA 26, S/W(4X2)R ယာဉ်လက်ဝယ်ရှိသူဦးမြင့်စိုး ၃/ဘအန(နိုင်)၀၂၈၁၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## အများသိစေရန်

ယာဉ်အမှတ် YGN41-7H/2645,TOYOTA BELTR SCP 92 SALOON အမျိုးအစား၊ ခဲရောင်မော်တော်ယာဉ်(စက်အမှတ် 2SZ-2173876 နှင့် ဘောင်အမှတ် SCP 92-1047554)၏ ပိုင်ရှင်အစစ်အမှန်မှာ ဦးသက်နောင်စိုး ၉/ပဥလ(နိုင်)၀၄၃၂၆၈ သာဖြစ်ပါကြောင်း၊ မည်သူမျှ လက်ဝယ်ထားရှိခွင့်၊ ရောင်းဝယ်ခွင့် မရှိပါကြောင်း အများသိစေအပ်ပါသည်။

ဦးသက်နောင်စိုး ၉/ပဥလ(နိုင်)၀၄၃၂၆၈

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဖုန်းကျော်နှင့် ဒေါ်လှိုင်လှိုင်ရွှေတို့၏ အမှတ်(၉၈)၊ မြေညီ(ဘီ)၊ ဓမ္မဝိဟာရလမ်း၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့မှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြို့သစ်(၂)လမ်း၊ ကျောက်/ရှေ့ရပ်ကွက်၊ အမှတ်(၂၁)၊ မြေညီ/ခြေရင်းခန်းဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၃ ပေခွဲ x အနံ ၅၅ ပေ)ရှိသော တိုက်ခန်းဥပဓိရုပ်နှင့် ပြည့်စုံသော တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် အဲယားကွန်း(၁)လုံး အပါတို့ကို အပိုင်ရောင်းချသူ ဒေါ်သီတာဝင်း (၁၂/တမန(နိုင်)၀၉၈၅၄၀)ကေ့သောင်းမှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများမှ (၃-၂-၂၀၂၄) ရက်နေ့တွင် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ (သို့မဟုတ်) ကျွန်ုပ်၏ မိတ်ဆွေထံဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နန်းဝေ LL.B,D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၉၈)
အမှတ်-၈၇၊ ကျောက်မြောင်းလမ်း၊ ပထပ်/အေ၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၈၈၉၆၃၇၄၄၃

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးခင်မောင်ဦး(ဘ) ကိုတင်မျိုးထွဋ် ၁၂/တကန(နိုင်)၁၇၀၂၅၃၏ ပတ်စ်ပို့စာအုပ်အမှတ် MM 222165 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၇၆၀၆၉၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ခွေးလေးကြီးကျေးရွာအုပ်စု၊ အမက-ဝါးကြိတ်လိန်ကျောင်း၊ အထွေထွေလုပ်သား မန်းစောယာရစ် ၁၄/အမန(နိုင်)၀၃၇၅၃၈ ၏ ဖခင်အမည် ဦးဖိုးစုနှင့် စောစုဟဲခူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ပြင်ပုံကျေးရွာအုပ်စု၊ အမက သုံးခွကျောင်း၊ အထွေထွေလုပ်သားစောကိုထူး ၁၄/မမန(နိုင်)၁၄၈၉၆၆၏ ဖခင်အမည်မန်းကိုလံဘတ်နှင့် မန်းကိုလန်ဘတ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဘိုးဘပိုင်မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးမြို့၊ ရုံးကြီး (၈)ထ ရပ်အကွက်အမှတ် ၁၅A၊ အကွက်အမည် ဆေးရုံကြီး၊ ဦးပိုင်အမှတ် (၈)ထ၊ မြေကွက်အမှတ် (-)၊ ဧရိယာ (၀.၀၁၈) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် (က) အရှေ့လားသော် နောက်ဖေးလမ်း၊ (ခ) အနောက်လားသော် ပြည်တော်အေး (၁)လမ်း၊ (ဂ) တောင်လားသော် ဦးပိုင်အမှတ် (၈)က၊ (ဃ) မြောက်လားသော် ဦးပိုင် အမှတ် (၈)က အထက်ဖော်ပြပါမြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်အမ်ဝေလေ (ခ) ဒေါ်တင်မြင့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ မတ်လ ၃ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပဲခူးမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၁နှင့် ၅)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၆၄

ဦးခိုင်စိုး နှင့် ၁။ ဦးအောင်ထူး
၂။ ဒေါ်စိုးစိုးခိုင်

တရားလို (တရားပြိုင်များ)

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာ၊ ရပ်ကွက် (၃)၊ အကွက် (၉၇)နေ အမှတ် (၁) တရားပြိုင် ဦးအောင်ထူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားသူအားဖယ်ရှားထွက်ခွာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အေဝမ်းလမ်း၊ အမှတ် ၁၄၈/A၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၄)ခန်းတွဲ(၆)ထပ် (Panthouse) ပါ အဆောက်အအုံ၏ ပထမထပ်၊ အခန်းအမှတ် 1/C၊ အခန်းအကျယ်အဝန်း(၄၀ x ၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၌ စွဲကပ်တည်ရှိနေသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းဆိုင်အွမ် ၉/မမန(နိုင်)၀၂၆၈၄၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်သူ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)
ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၇၀၀၄၉၈၁

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဒေါ်ရင်ရင်နိုင် နှင့် ၁။ ဦးဘမြင့်
၂။ ဦးခင်မောင်ဝင်း
၃။ ဦးရွှေစံ

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အညာစုလမ်း၊ အမှတ်(၁၈၅)နေ ဦးဘမြင့်၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ်(၃၀)နေ ဦးခင်မောင်ဝင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်(၄)လမ်း၊ အမှတ်(၅၇၅)နေ ဦးရွှေစံ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ရင်ရင်နိုင်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီဟကျော်)
ဒုတိယခရိုင်တရားသူကြီး(၃)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၁၀၆၇)၊ မြေပေကျယ်(၁၂၀ x ၁၂၀)ပေ ကျယ်ဝန်းသော မြေကွက်သည် ဦးစိုးမြင့်လေး အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်ဖြစ်ပြီး ထိုမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ခန်းအား ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဦးစိုးမြင့်လေး (ဘ)ဦးလထော်တူး ၁/မညန(နိုင်)၀၀၀၅၇၂ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ဦးစိုးမြင့်လေးကိုယ်စား ဒေါ်မူဗဲလာရီ (ဘ)ဦးသန်းပြဒိုး ၁၃/ဖခန(နိုင်)၀၃၀၈၂၅ ထံသို့ (၄-၂-၂၀၂၄)ရက်က ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက (သို့မဟုတ်) သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှေးရွှေးထက်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၉၆)
အမှတ်(၅)၊ ရာဇသင်္ဂဟလမ်း
ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။
ဖုန်း-၀၉-၄၀၂၆၅၅၂၉၁၊ ၀၉-၆၆၂၃၄၇၅၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၆/ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၄၀)ရှိမြေပေါ်တွင် ဆောက်လုပ်ထား သော (၅)ထပ်တိုက် (၂)ခန်းတွဲ မှ မြေညီထပ် (မြေရှင်)ဘက်ခြမ်း ၊ အကျယ်အဝန်း ပေ(၁၁ x ၆၀)ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်နှင့် ဆောက်လုပ်ခွင့်အား တရားဝင်အောင်ပြုလုပ်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော အဆိုပါတိုက်၏ မြေရှင်ဖြစ်သူ ဦးမင်းစိုး ၁၂/မဂဒ(နိုင်)၁၄၄၈၂၉ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝေ ၃/ဘအန(နိုင်)၁၉၇၂၁၈ မှ ကြိုပွဲငွေဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်ချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ထိုသတ်မှတ်ထားသော နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက ယခုအရောင်းအဝယ် အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန်းသန်းဝေ** | **ဦးဟိန်းမင်းဆွေ (LL.B)** |
| **၃/ဘအန(နိုင်)၁၉၇၂၁၈** | **အထက်တန်းရှေ့နေ** |
| | **(စဉ် ၃၃၂၅၈/၃၁-၃-၂၀၁၀)** |
| | **အမှတ်(၄၂)၊ စော်ဘွားလမ်း၊ (၅) ရပ်ကွက်၊** |
| | **မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၀၀၅၆၅၂၇** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါ နေရာများတွင် မြေငှားဂရန်အသစ်/အမည်ပြောင်းလျှောက်ထားရန် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် ခိုင်လုံသောမူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် အမည် | ရပ်ကွက်/ကျေးရွာ | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|
| ၁။ ဦးထွန်းမြင့်အောင် | မြင်သာ | ၁၃/မြင်သာအရှေ့ | ၁၇၄+၁၇၅ | ၀ ဒသမ ၀၃၀ |
| ၂။ ဒေါ်အေးအေးရှင် | ရွာသစ်ပွဲကြို | ၁၀-A၊ရွာသစ်နောက် | ၃၀/က/၁ | ၀ ဒသမ ၁၁၆ |
| ၃။ ဗိုလ်မှူးကြီးနေဝင်း | အောင်မေတ္တာ | ၁၆၅၅/အုတ်ဖို | ၁၅၆၁ | ၀ ဒသမ ၀၉၇ |
| ၄။ ဒေါ်ခင်သန်းဝင်း | အောင်ချမ်းသာ | ၁၃/ရန်အောင်တောင် | ၇၉ | ၀ ဒသမ ၀၆၀ |

**လက်ထောက်ကော်လိတ္တော်အရာရှိ**
**မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6414 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ အဿက လမ်း(၂၀)၊ အမှတ်(၆၀၁/က) ဟုခေါ်တွင်သော တစ်ခန်းတည်း (၆)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း(၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါ လိပ်စာဖြစ်သည့် တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇင်မင်းထိုက် ၁၂/ကမရ(နိုင်)၀၅၆၇၅၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သဇင်ဖြူ ၁၁/စတန(နိုင်)၀၈၅၈၇၈ က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)　　ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မြောင်းမြခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် (၅၀)

| | | |
|---|---|---|
| ဦးဇော်ဝင်း | နှင့် | ၁။ ဦးဝင်းနိုင်(ခ)ဦးနိုင်နိုင် |
| ( ၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ | | ၂။ ဦးခိုင်ဦး |
| ဒေါ်ချိုမာဝင်း ) | | ၃။ ဦးအေးထွန်း |
| | | ၄။ ဦးအေးခိုင် |
| | | ၅။ ဦးထွန်းလှိုင် |
| | | ၆။ ဦးမျိုးလေး |
| | | ၇။ ဖြိုးမင်းပိုင် |
| | | ၈။ ကျော်လင်းနိုင် |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ မဒေါ့ပင်ကျေးရွာအုပ်စု၊ အေးရွာ အနောက်ပိုင်းနေဦးအေးခိုင် (ဘ)ဦးအေးကြူ၊ ဦးထွန်းလှိုင် (ဘ)ဦးအေးမောင်၊ ဦးမျိုးလေး (ဘ)ဦးထွန်းလှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်ဝင်း(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်ချိုမာဝင်း)က တရားလိုအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထွက်ရှိပြီး မြေယာမှုခင်းအနိုင်ရသည့် လယ်ယာမြေ(၁၈.၈၃)ဧကအား လယ်ယာမြေမှုခင်းရှုံးနိမ့်သူ တရားပြိုင်များက ဆက်လက်လုပ်ကိုင်နေ၍ တရားလိုမှာ လုပ်ပိုင်ခွင့်ဆုံးရှုံးသဖြင့် (၂၀၂၁-၂၀၂၂-၂၀၂၃)ခုနှစ် စပါးစိုက်ပျိုးရာသီ (၅)ရာသီအတွက် နစ်နာကြေး လျော်ကြေးငွေကျပ်စုစုပေါင်း (၂၄၀၀၀၀၀၀/-) (ကျပ်နှစ်ရာလေးဆယ်သိန်းတိတိ) တရားပြိုင်များထံက ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းမြင့်)
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9942 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7515 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂)ပါ မအူပင်မြို့နယ်တရားရုံး ၂၀၂၃ ခုနှစ် တရားမဇာရီမှုအမှတ် ၆၉၊ အကြောင်းကြားစာတွင် တွဲဖက်တရားသူကြီးနေရာ၌ တွဲဖက် မြို့နယ်တရားသူကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃)ပါ မအူပင်မြို့နယ်တရားရုံး ၂၀၂၃ ခုနှစ် တရားမဇာရီမှုအမှတ် ၆၈၊ အကြောင်းကြားစာတွင် တွဲဖက်တရားသူကြီးနေရာ၌ တွဲဖက်မြို့နယ်တရားသူကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## CDC, All IN ONE , SID ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မင်းကျော်စွာ ၁၂/သကတ(နိုင်)၁၅၂၈၁၀ ၏ သင်္ဘောသားလက်မှတ် CDC78544, All IN ONE, 3DK 008347 , SID MS 036286 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၂၅၅၃၆၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ မင်္ဂလာလမ်း၊ အိမ်အမှတ်(၃၁) နေ ဒေါ်သူဇာအောင် ၉/ပဥလ(နိုင်) ၁၀၇၉၄၃ ၏ဖခင်အမည်မှန်မှာ ဦးအမ်အေအက်ဒဝပ် (ခ) ဦးကိုကိုလေးနှင့် ဦးကိုလေးဟူ၍လည်းကောင်း၊ မိခင်အမည်မှန်မှာ ဒေါ်ကက်သရီးနား (ခ)ဒေါ်ကေသီဟူ၍လည်းကောင်း အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအမ်အေအက်ဒဝပ်(ခ)**
**ဦးကိုကိုလေး(ခ)ဦးကိုလေး**
**ဒေါ်ကက်သရီးနား(ခ)ဒေါ်ကေသီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ၁၄-ထုံးဘို၊ သရဖီလမ်း၊ အိမ်အမှတ် ၄၉ နေ ဒေါ်နှင်းဝတ်ရည်အောင် ၉/ပဥလ(နိုင်)၀၉၇၉၇၈ ၏ မိခင်အမည်မှာ ဒေါ်ခင်မမအောင်နှင့် ဒေါ်စကီနာသည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်မမအောင်(ခ)ဒေါ်စကီနာ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ် (၇)/၁၁၆လမ်း၊ ၅၂x၅၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခွေးညို ၉/မရမ(နိုင်)၀၄၂၀၃၂ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ်(၁၁-၅)၊ ဦးပိုင်အမှတ် (၆၄)၊ ၆၀.Bx၆၁ကြား၊ ၁၂၈x၁၂၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးတီး ၉/မရတ(နိုင်)၀၈၁၂၈၈(AE-၂၂၄၁၆၄) ၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၇၆/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုချိုဦး (KME-၃၁၄၃၂၇) ၁၃/ကမန(နိုင်)၁၃၉၁၀၈ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဧဧ-၁၅)၊ ဦးပိုင်အမှတ် (၇၀)/၁၀၈.Dလမ်း၊ ၄၆x၄၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မြင့် (WMDY-၃၂၆၃၄၅)၉/မနတ(နိုင်)၀၂၉၁၃၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူ သိရှိစေရန် ကြော်ငြာချက်

CBC Myanmar Microfinance Co., Ltd ၏ Board of Directors များဖြစ်သော Ms. Sandra Anestasia Walgama (N 7091819) နှင့် Mr. Kodituwakku Arachchige Prins Perera (N 8251958) တို့သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နှင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တို့တွင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ အသီးသီးနုတ်ထွက်ပြီး Mr. Sivasubramaniam Ganeshan (N 5464722) နှင့် Mr. Sellathurai Prabagar (N 9525066) တို့သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ဝင်ရောက် ခြင်းကို ငွေရေးကြေးရေး ကြီးကြပ်စိစစ်ရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်-ငကစ/ကက-၆ (၇၄/၂၀၁၅) အရ ငွေကြေးဝန်ဆောင်မှုပေးနေသည့် အသင်းသားများနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**CBC Myanmar Microfinance Co.,Ltd**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

ဦးမြတ်မင်းအောင် (ခ) မြတ်မင်းစိုး နှင့် ဦးအောင်မြင့်ဝင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးမျိုးဝင်း)

တရားလို — တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ဠ-၁၅/၆၆)၊ ငွေတော်ကျီကုန်းရပ်နေ၊ ဦးအောင်မြင့်ဝင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးမျိုးဝင်း)(ဘ)ဦးအောင်သွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးမြတ်မင်းအောင်(ခ)မြတ်မင်းစိုးက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက် (ကြီးပွားရေး / မြောက်)၊ အောင်မေတ္တာလမ်း၊ တိုက်အမှတ်(၅၄၉)၊ ပထမထပ်(တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်းအခန်း)၊ အကျယ်အဝန်း(၁၄ ပေx ၅၄ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆုမွန်အောင် ၇/လပတ(နိုင်)၁၃၂၅၀၄ နှင့် ဦးကျော်စိုးမိုး (ခ) ဦးစံလင်းအောင် ၆/ကသန(နိုင်)၀၂၂၃၃ တို့မှ တရားဝင် လက်ဝယ် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရဲဘုန်းသော် ၁၄/မမန(နိုင်)၂၂၅၇၂၉ မှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲဘုန်းသော်၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမွန်မွန်သူ(စဥ်-၉၉၄၆)　ဦးကျော်မျိုးသူ(စဥ်-၁၁၃၅၃)**
**ဒေါ်ပန်းအိမ္မွေး (စဥ်-၁၅၂၃၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၇)၊ စန္ဒကူးလမ်းနှင့် ကမာကြည်လမ်းထောင့်၊ သုဝဏ္ဏ/၃၀ ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ(၂)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၀၆၀၉၂၇၂၊ ၀၉-၇၇၇၇၇၃၈၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၅၊ နန်းကွေ့အနောက်တောင်-၁)၊ ဦးပိုင်အမှတ်(၃၀)၊ မြေဧရိယာ ၂ ဒသမ ၇၁ ဧကရှိ မြေကွက်သည် ကျွန်းရွှေစင်ဘုန်းကြီးကျောင်းအမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပြီး ဦးကျော်ရှင်း ၅/ရဥန(နိုင်)၀၅၃၆၀၀ (ကျွန်းရွှေစင်ကျောင်းတိုက်) အမည်ဖြင့် အခွန်လွတ်သာသနာဂရန် ရရှိရေးအတွက် ၁၇-၁-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၅၂/၂၀၂၄)ကို (၂၆-၁-၂၀၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၀၄၅/၂၀၂၄) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ ဈေးဆိုင်ခန်းနှင့် နှစ်ထပ်လူနေပွဲရုံ တိုက်ခန်းအမှတ် B-4(ခ)အား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မျိုးထွန်း ၉/မမန(နိုင်)၀၈၀၂၆၄ ထံမှ ဦးမင်းမင်းသိန်း ၁/ရကန(နိုင်)၀၃၁၃၄၃ သည် ၂၃-၁-၂၀၂၄ ရက်တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| - | ဦးမင်းမင်းသိန်း ၁/ရကန(နိုင်)၀၃၁၃၄၃ | B-4(ခ) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၂၄နှင့်ဆက်နွယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၅

ကိုသက်တင် နှင့် ဦးစိန်ရွှေ

**ဒီကရီအနိုင်ရသူ — တရားရှုံး**

ဦးလှမောင်၏ သားဖြစ်သူ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၉၂)၊ တမ္ပဝတီမြို့ဟောင်းရပ်နေ ဦးစိန်ရွှေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၄ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ကိုသက်တင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်(၁၄၁)နေ ဦးဇော်ရဲမင်း (ဘ) ဦးထွန်းအောင်ကျော် ၉/မနမ(နိုင်)၀၄၃၄၇၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်-(၂၅)(င)နှင့် ဦးပိုင်(၂၆)၊ ပေ(၃၅ x ၆၀)နှင့် (၂၇)(ခ)ပေ (၁၀ x ၆၀)၊ အကျယ်အဝန်းရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများမှာ -မဟာအောင်မြေတရားရုံးတော်တွင် တရားမကြီး အမှုအမှတ်-၈၉/၂၀၂၂ တွင် ဦးဇော်ရဲမင်းမှ တရားလိုပြုလုပ်၍ ဦးဝင်းအောင်နှင့် ဒေါ်ယဉ်မေသန်းအပေါ် ပစ္စည်းခွဲဝေပေးစေရန် စွဲဆိုထားသည့်အတွက်ကြောင့် အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်း/ဝယ်/ လွှဲပြောင်း/ပေးကမ်းခြင်း/ အမည်ပြောင်းခြင်း/ပေါင်းနှံခြင်းတို့ကို ပြုလုပ်ခွင့်မရှိ ကြောင်းနှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ရဲမင်း၏ ညွှန်ကြားလွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်မေရီမြ(L.L.B)** | **ဒေါ်ထိုက်တင်ဝါကျော်(L.L.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၅၁၆၅)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၅၈၃)** |
| **၃၃လမ်း၊ ၆၃x၆၄လမ်းကြား** | **၃၃လမ်း၊ ၆၃x၆၄လမ်းကြား** |
| **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** |
| **ဖုန်း-၀၉-၄၅၄၈၁၃၄၈၃** | **ဖုန်း-၀၉-၂၅၇၁၀၁၂၁၁** |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဂန္ဓမာလမ်း၊ ပေါင်းလောင်းရပ်ကွက်၌ နေထိုင်သူ ဒေါ်ခိုင်မာဦး (ဘ)ဦးကြည်မောင် ၉/ပမန(နိုင်)၀၅၅၉၂၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မာဦး၏သမီးဖြစ်သူ မမြသန္တာ ၉/ပမန(နိုင်)၂၇၈၆၃၅ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား ဂုဏ်သိက္ခာကျဆင်းစေသည့် ကိစ္စရပ်များကိုပြုမူ၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစေခြင်း အစရှိသောကိစ္စရပ်များ အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ခြင်း၊ မိခင်ဆိုဆုံးမနေသည့်ကြားမှ မိခင်ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုမူ၍ နေအိမ်ပေါ်မှ မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မာကျော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၂၄၄/၂၀၁၇)**
**အမှတ်(၁၅/၈၁၅)၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၃)၊ ပျဉ်းမနားမြို့။**
**ဖုန်း-၀၉-၄၂၈၁၁၆၃၉၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၁၂၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်မြတ်သီတာကို ၈/ပခက(နိုင်)၀၃၆၈၂၀ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၁၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁) ကျောင်း၊ Grade-10 တန်းမှ မမိုးမြင့်သူ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၅/ကဘလ(နိုင်) ၁၂၄၇၁၂ ဖြစ်ပါသည်။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ညောင်လှရွာသစ်ရပ်နေ ဦးမျိုးခိုင် ၉/မထလ(နိုင်)၁၈၈၃၉၄ ၏ သမီး၊ အထက(၃) Grade-3 မှ မပြည့်ဖူးခိုင်အား ယနေ့မှစ၍ မမေမြတ်နိုးချိုဟု ပြောင်းလဲခေါ်ဆိုကြပါရန်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရဲထွဋ်
## အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးဝင်းမောင်-ဒေါ်မြမြ)တို့၏သား၊ ဒေါ်အေးအေးဝင်း ၏ခင်ပွန်း၊ မဇွန်မြမြထွဋ် ၏ဖခင်သည် ၅-၂-၂၀၂၄ ရက် (တနင်္လာနေ့) ည ၁၁ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၇-၂-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ် (၃၇/၁)၊ ဦးပိုင်အမှတ်(၆၆/၃)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ မြေကွက်သည် ဦးဝင်းဆွေ အမည်ဖြင့် မြို့မြေခွန်ပြေစာ စည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဦးဝင်းဆွေ ၁/မကန(နိုင်)၀၆၅၇၂၆ က မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက် အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ခ)၊ ဦးပိုင်အမှတ်(၄၈)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်အား ဦးရှဒန်ရှန်လွမ်း အမည်ဖြင့် အမှုတွဲအမှတ် ၃၇(၃)၂၀၀၀-၂၀၀၁အရ(၃၀-၆-၂၀၂၀)ရက်အထိ မူလဂရန်သက်တမ်းအတိုင်း နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ယခုအခါ ဂရန်အမည်ပေါက်သူ ဦးရှဒန်ရှန်လွမ်း ၁/ကမန(နိုင်)၀၁၈၄၆၈၈ ၎င်း၏ သားသမီးများဖြစ်သည့် ဦးရှဒန်ဇော်ထွယ်လီ ၁/မကန(နိုင်)၁၅၅၀၄၇၊ ဒေါ်ဂျာဖာအောင်(ခ)ရှဒန်ဂျာဖာအောင် ၁/မကန(နိုင်)၁၅၅၂၄၅၊ ဒေါ်ရှဒန်ဂျာဒွဲရော် ၁/မကန(နိုင်)၁၅၅၀၄၈၊ ဒေါ်ရှဒန်ဂျာထုအိန် ၁/မကန(နိုင်)၂၂၄၃၅၁ (၄)ဦးအမည်ကို ပူးတွဲ၍ ဦးရှဒန်ရှန်လွမ်းပါ(၅)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ဖြည့်စွက်/အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ်(၀-၇)၊ ဦးပိုင်အမှတ် (၂၉)/ခဲစင်းတောင်ဘက်ခြမ်း/၆၈ x ၆၉ ကြား၊ ၁၁၄ x ၁၁၅ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမောင် ၉/ပသက(နိုင်)၀၁၆၄၄၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၅၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇင်အောင် ၁၂/မရက(နိုင်)၁၄၅၅၆၈ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုန္ဒာဓိပတိ
### သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၃)ဝါ

မန္တလေးမြို့၊ မဟာမြတ်မုနိမြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အနောက်ခင်မကန်တိုက် မြကုန်းကျောင်း ဂိလာနပါလအသင်းကြီး၏ ဩဝါဒါစရိယ၊ အနောက်ခင်မကန်တိုက် တိုက်အုပ်ဆရာတော်ဖြစ်တော်မူသော သာသနဓဇ ဓမ္မာစရိယ သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်) ၅-၂-၂၀၂၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်) ၁၃-၂-၂၀၂၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သံဃာဒါယကာ၊ ဒါယိကာမအပေါင်းတို့ကြွရောက် ပူဇော်နိုင်ပါရန် လျှောက်ထားအသိပေး အကြောင်းကြားအပ်ပါသည်။

**တပည့်များနှင့် ဒါယကာ ဒါယိကာမများ**

## ကျေးဇူးတင်ရှိပါကြောင်း
## ဦးစည်သူအောင်
### အထက(၄)၊ သဃၤန်းကျွန်း၊ ကျောင်းသားဟောင်း
### အသက်(၄၉)နှစ်

(ဦးခင်မောင်မြင့်) (ကထိက ဗ.န.တ)-ဒေါ်သိန်းဝင်း(အထက-၄၊ သဃၤန်းကျွန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)တို့၏သားငယ်၊ မင်းလွင်မြင့်ဦး-ဒေါ်မီမီမျိုး၊ မောင်မင်းအောင်မြင့်သိန်း-ဒေါ်မြင့်မြင့်အေး၊ ဒေါ်မေမြတ်မွန်တို့၏ ချစ်လှစွာသောညီ/မောင်၊ မောင်ဟိန်းထက်အောင်၊ မောင်ပြည့်မိုးသောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၂၉-၁-၂၀၂၄ရက် (တနင်္လာနေ့) ညနေ ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန် သို့ လိုက်ပါပို့ဆောင်ပေးသူများ၊ အစစအရာရာ ကူညီပေးသော ၁၆/၄ရပ်ကွက် ဥက္ကဋ္ဌ၊ ၁၆/၄ သာရေးနာရေးအသင်း၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့နှင့် ၁၆/၂ရပ်ကွက် သာရေး နာရေးအသင်း၊ အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၊ အထက(၄) မှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ရပ်ကွက်များမှ မိတ်သင်္ဂဟအပေါင်းနှင့် Dr.မင်းဇေယျာအား ကျန်ရစ်သူ၏မိသားစုများက အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြား
## ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/4021၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ဖောင်းကြွနံပါတ်ပြား
## ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5463 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၁၆၀၇/က)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဒုတိယဗိုလ်မှူးကြီးဌေးအောင် ၁၂/သဃက(နိုင်)၀၁၁၁၃၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူထားပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း (၂-၂-၂၀၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၉၂/၂၀၂၄)ဖြင့် တရားဝင်ပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံ၍ ဒေါ်ခင်ဌေးဝင်း ၁၂/ကမတ(နိုင်)၀၃၆၁၃၃ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနိုင်ထွန်း ၁၄/မမက(နိုင်)၁၄၄၄၉၃၊ ဒေါ်လဲ့လဲ့ဝင်း ၁၄/မမက(နိုင်)၁၁၄၈၆၃ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့်နေအိမ် ရောင်းဖိုးငွေများအနက် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့် နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အိမ်မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးဇော်မင်းလှိုင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၅)**
**ရုံးခန်းအမှတ်(၃)၊ သမာဓိလမ်း၊(ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊**
**ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း-၀၉-၂၅၀၀၈၇၆၅၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၉/၃)၊ ဖရဲငွေတောင်လမ်း၊ အိမ်အမှတ် (မ/၇၁) နေ ဒေါ်နန်းဖြူ (၁၃/တကန(နိုင်)၁၂၆၃၅၃) ၏ သမီး နန်းခိုင်နွယ်မိုး (၁၃/တကန(နိုင်)၂၂၀၀၀၈)သည် မိခင်၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိခင်ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း၊ ၎င်းပြုလုပ်ခဲ့သည့်ကိစ္စရပ်များသည်လည်း မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းအား အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်တင်မမမောင် (တရားလွှတ်တော်ရှေ့နေ) (စဉ် - ၁၇၈၁၇)**
**အမှတ် (၄/၈၁)၊ ရေထွက်ဦးလမ်း၊ ဘုရားဖြူရပ်ကွက်၊**
**တောင်ကြီးမြို့။ ဖုန်း-၀၉-၂၅၉၉၈၂၀၀၇**

## ရဟန်းဒါယိကာမကြီး
## ဒေါ်မိုးစန္ဒာ
### အသက် (၅၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဆိုရှယ်လမ်း၊ အမှတ်(၂၆)၊ မြေညီထပ်(အေ)နေ (ဦးချစ်စိန်-ဒေါ်ခင်မာ) တို့၏သမီး၊ (ဦးခင်မောင်ရီ-ဒေါ်မြင့်မြင့်ဦး)၊ (ဦးကျော်ထွန်းလွင်)-ဒေါ်တင်တင်နွယ်၊ ဦးသန်းလွင်- ဒေါ်ခင်မေဝင်း၊ ဦးအောင်မိုးဇော်-ဒေါ်တင်နီထွေးတို့၏ညီမ၊ ဦးကျော်စွာလှိုင်-ဒေါ်သန်းသန်းရွှေတို့၏အစ်မ၊ ဦးနေဝင်းအောင်-ဒေါ်မင်းမင်းစိုး၊ မောင်ကျော်ဇေယျလွင်၊ မမေသဥ္ဇာလွင်၊ မအင်ကြင်းဖြူ၊ မတင်နီလာဇော်၊ မောင်ချမ်းညီသော်တို့၏အဒေါ်၊ မမေဇင်ထက်၊ မောင်ဇင်မင်းအောင်တို့၏ ချစ်လှစွာသော အဘွားသည် ၅-၂-၂၀၂၄ရက် (တနင်္လာနေ့) ည(၉:၅၅)နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂:၀၀)နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် (၁၀:၃၀)နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက်(၇:၀၀)နာရီမှ(၁၁:၀၀)နာရီအထိ ဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်မြတ်တို့အား ဆွမ်းသင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၄၄၇၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ခွေး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မို့မို့ရွှေ(ဘ)ဦးတင်ရွှေ ၈/မလန(နိုင်)၀၄၅၅၁၀ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ (၁၈) ရပ်ကွက်၊ မြေတိုင်း - သကမ- ၁၆၊ သီရဂူလမ်း၊ အမှတ် (၁၀၃/က)၊ အိုးအိမ်ဦးစီးဌာနတွင် ဒေါ်စန်းသီအမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစား၊ မြေအကျယ်ပေ(၂၀ x ၆၀)အကျယ်ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်း)ဘက်အခြမ်းရှိ မြေအကျယ် (၁၀ x ၆၀) ပေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါ၊ ရေ၊ မီးအစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပါမစ်မိတ္တူနှင့်တကွ ဆက်စပ်အရပ်ကတိစာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်အေး (ဘ) ဦးမြသောင်း (WAW-၁၀၂၇၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမိုးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်မာသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်မြတ်စုထွေး(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၀၃၀)**
**အင်းစိန်ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၈၇၂၈၀**

## အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွာဟောင်းကြီးကျေးရွာအုပ်စု၊ စာရေးရပ်ကွက်နေ ဒေါ်စန်းစန်းနွဲ့ (၁၂/ရကန(နိုင်)၀၀၉၂၆၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်စန်းစန်းနွဲ့၏ အမွေစား အမွေခံမွေးစားထားသော (ဘ) ဦးလှသိန်း (မိ)ဒေါ်အေးမြထွေး၏ သမီးဖြစ်သူ မသန္တာစိုးသည် မွေးစားမိခင် ဒေါ်စန်းစန်းနွဲ့၏ ဆိုဆုံးမစကားများအား နာခံမှုမရှိဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှ ထွက်ခွာသွားသည်ဖြစ်၍ (၂၁-၇-၂၀၀၇) ရက်စွဲပါ အမွေစား အမွေခံအရပ်ကတိ မွေးစားခြင်းစာချုပ်အား ဖျက်သိမ်းပြီး အမွေစားအမွေခံမွေးစားခြင်းမှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးပါမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်မြတ်စုထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၀၃၀)**
**အင်းစိန်ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၈၇၂၈၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ်(၀-၉)၊ ဦးပိုင်အမှတ် (၁၄၉)၊ ၆၅ x ၆၇ ကြား၊ ၁၁၄ x ၁၁၅ ကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်တင့် (AA-၁၅၁၀၀၂)၁၂/အလန(နိုင်)၀၁၁၅၆၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၀/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရန်ကျူးမြင့် ၁၃/လရန(နိုင်)၁၀၆၁၁၈ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း)
## တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မော်ကွန်းတိုက်မှူးဟောင်း
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၀) လမ်းနေ (ဦးဝင်းမောင်-ဒေါ်မြမြ)တို့၏သားကြီး၊ (ဦးကြီးရွှေ-ဒေါ်ငွေမြိုင်)တို့၏ သားသမက်၊ ဒေါ်အေးတင့်၏ခင်ပွန်း၊ ဒေါက်တာ ပိုင်စိုး-ဒေါ်ကြည်ကြည်မျိုးမြင့်၊ (ဦးချစ်ခိုင်)-ဒေါ်သန်းသန်းဌေး၊ ဒေါက်တာ ချစ်လှိုင်-ဒေါ်သွင်သွင်ရှိန်၊ ဒေါက်တာ မျိုးသန့်-ဒေါက်တာ မူမူစန်း တို့၏အစ်ကိုကြီး၊ ဦးစိုးထူးငြိမ်း MEC GM MECTel-ဒေါ်နီလာရွှေတို့၏ဖခင်၊ မယမင်းသီရိ၊ မမေသူထွဋ်၊ မောင်ဗညားစိုး၊မောင်စိုးသီဟအောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၅-၂-၂၀၂၄ရက်(တနင်္လာနေ့)ည ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၇-၂-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၀၃၀)၊ မြေဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ဒေါ်ဝင်းဝင်းမော် (ဘ)ဦးကောက် ၇/တငန(နိုင်)၁၀၉၀၄၂ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဝင်းဝင်းမော်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် ၁၁၃၈/၂၀၂၃ (၂၈-၄-၂၀၂၃) ရရှိထားသူ ဒေါ်နွယ်နီလှိုင်(ဘ)ဦးလှိုင်ဇော်ဦး ၈/ဂဂန(နိုင်)၁၀၁၂၈၀ မှ ဒေါ်လင်းလင်းအေး (ဘ)ဦးဗိုလ်လှ ၈/ဂဂန(နိုင်)၀၀၃၅၁၄ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သုခမိန်လမ်းနှင့် ဦးရွှေဖံအောင်လမ်းထောင့်၊ မြေကွက်အမှတ် (၄၀၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင် (NTN - ၀၅၇၉၄၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီလင်း (၁၂/ကတန (နိုင်) ၀၉၀၈၆၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ပျောက်ဆုံးကြောင်း

အောင်လံမြို့နယ်၊ အင်းကြီးကျေးရွာနေ ဦးဝင်းမြင့်၏သား မောင်ကြည်ရွှေ ၈/အလန(နိုင်)၁၃၄၄၁၆ ၏ နိုင်ငံကူးလက်မှတ် MF 729412မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၅၂၀၇၇၄၂

## ပတ်စ်ပို့ပျောက်

မောင်ကောင်းထက်ဇော် ၇/ပခန(နိုင်)၄၂၃၂၀၆ ၏ ပတ်စ်ပို့နံပါတ်အမှတ် (MG-603341)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၅၄၁၃၃၅

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာနေ ဦးလင်းလင်းဦး ၇/ရကန(နိုင်)၀၅၉၈၅၆၏သမီး အထက(ခွဲ)(ဆိပ်ကလေးကျောင်း) Grade-1 မှ မယွန်းမီမီဖြိုး၏ အမည်မှန်မှာ မဝါဝါဝင်းဖြစ်ပါကြောင်း။

**မဝါဝါဝင်း**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
### တောင်ကြီးခရိုင်တရားရုံးတော်
### ၂၀ ၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃

**ကွယ်လွန်သူ ဦးသိန်းအောင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

အမှတ်(၁၀၉)၊ ရတနာလမ်း၊ သုခချမ်းသာ(၂)ရပ်ကွက်၊ ရွှေညောင်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသိန်းအောင်၏ကျန်ရစ်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ရရှိထားသည့် တောင်ကြီးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု(တောင်လေးလုံး)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၆၅/လှိုင်ကော်တောင်)၊ ဦးပိုင်အမှတ်(၁၀၅)၊ ဧရိယာ(၁၄.၈၈)ဧကရှိ ယာမြေကွက်အပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် (၁)ဒေါ်သီတာသိန်း၊ (၂)ဦးထိန်လင်း၊ (၃) ဒေါ်မေမြတ်နိုး(ခ)မေမြတ်နိုးနိုင်(ခ)မေမြတ်ကို (၎င်း၏ အုပ်ထိန်းသူ ဒေါ်သီတာသိန်း)နှင့် (၄) ဦးချမ်းငြိမ်းရွှေကိုတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသိန်းအောင်၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော် မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက် မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က (၁)ဒေါ်သီတာသိန်း၊ (၂)ဦးထိန်လင်း၊ (၃)ဒေါ်မေမြတ်နိုး(ခ)မေမြတ်နိုးနိုင်(ခ)မေမြတ်ကို (၎င်း၏အုပ်ထိန်းသူ ဒေါ်သီတာသိန်း)နှင့် (၄)ဦးချမ်းငြိမ်းရွှေကိုတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြား
## ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/56674 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/90865, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၇/နတလ(နိုင်) ၀၆၈၈၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

❖ **လုပ်ငန်းများ အောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန် နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလို ...**

❖ **လုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပညာတတ် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနေရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်း ရေလယ်ကျွန်းသဲသောင်ပေါ်တွင် ဆောင်းခိုငှက်မျိုးစိတ်တစ်ခုဖြစ်သည့် တောင်နန်းခေါင်းကြားငှက်များ ကောင်ရေ ၄၀၀ ခန့် အုပ်စုလိုက် ထူးခြားစွာလာရောက်ကျက်စားလျက်ရှိ

မြစ်ကြီးနား ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်းရှိ ရေလယ်ကျွန်းသဲသောင်ပြင်ပေါ်တွင် ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းမှစတင်ပြီး ဆောင်းခိုငှက်မျိုးစိတ်တစ်ခုဖြစ်သည့် တောင်နန်းခေါင်းကြားငှက်များ ကောင်ရေ ၄၀၀ ခန့် အုပ်စုလိုက် ထူးခြားစွာလာရောက်ကျက်စားနေထိုင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ ဧရာဝတီမြစ်အတွင်း သောင်ခုံပေါ်တွင် လာရောက်ကျက်စားနေထိုင်မှုသည် နှစ်စဉ်နှစ်တိုင်း လာရောက်ခြင်းဖြစ်ပြီး အခြားငှက်မျိုးစိတ်များပါ နေထိုင်လေ့ရှိကာ လူများပြားပါက ယခုလို လာရောက်နေထိုင်ကျက်စားခြင်း မရှိကြောင်း၊ ယခုနှစ်သည် ဧရာဝတီမြစ်အတွင်း သဲသောင်ခုံတွင် လူများနေထိုင်လာရောက် လုပ်ကိုင်ခြင်းမရှိသဖြင့် ယခုလို အုပ်စုလိုက် နေထိုင်ရခြင်းဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ ဆောင်းခိုငှက်များ

*စာမျက်နှာ ၁၇ ကော်လံ ၅* ❖

ဧရာဝတီမြစ်အတွင်းရှိ သဲသောင်ခုံပေါ်တွင်လာရောက်ကျက်စားလျက်ရှိသည့် တောင်နန်းခေါင်းကြားများကို တွေ့ရစဉ်။



# ဘရန့်ဖို့ဒ်ကို အဝေးကွင်း၌ ဖိုဒင်၏ ဟက်ထရစ်သွင်းဂိုးဖြင့် မန်စီးတီးတို့ ဂိုးပြတ်နိုင်



ပရီမီယာလိဂ် ပွဲစဉ်(၂၃)အဖြစ် ဖေဖော်ဝါရီ ၆ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ဘရန့်ဖို့ဒ်နှင့် မန်စီးတီးတို့ပွဲတွင် လူငယ်ကစားသမား ဖိုဒင်၏ ဟက်ထရစ်သွင်းဂိုးဖြင့် မန်စီးတီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မန်စီးတီးတို့က ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားကာ ဂိုးကန်သွင်းခွင့်များ ရသော်လည်း ဘရန့်ဖို့ဒ် ဂိုးသမား လက်စွမ်းပြ ကာကွယ်နိုင်မှုကြောင့် ဂိုးမရရှိခဲ့ပေ။ ပွဲ၏ ဦးဆောင်ဂိုးကို ဘရန့်ဖို့ဒ်က ရရှိခဲ့ပြီး မူပေးက ပွဲချိန် ၂၁ မိနစ်တွင်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

ယနေ့ သတင်းအညွှန်း

AA အဖွဲ့လုပ်ဆောင်နေသည့် မူးယစ်ဆေးဝါးလုပ်ငန်းများနှင့် ပတ်သက်၍ ထွက်ဆိုချက်များ
အင်တာဗျူး | စာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ
ပြည်တွင်းသတင်း | စာ ၁၈

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်ရပ်စဲရေး သဘောတူညီချက်ရရန် ဂျော်ဒန်နှင့် ယူအေအီး တိုက်တွန်း
နိုင်ငံတကာသတင်း | စာ ၁၉